# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၀၇)၊ ၁၃၈၇ ခုနှစ် ၊ ဝါဆိုလဆန်း ၈ ရက် ၊ ၂-၇-၂၀၂၅၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အကြိုလှုပ်ရှားမှု "ယဉ်ကျေးဝေဆာမေမြန်မာ၊ မျိုးဂုဏ်မပျက်ဝတ်ဆင်လျက်" ဝတ်စားဆင်ယင်မှုပြပွဲနှင့် ဂီတဖျော်ဖြေပွဲကျင်းပစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အကြိုလှုပ်ရှားမှု "ယဉ်ကျေးဝေဆာမေမြန်မာ၊ မျိုးဂုဏ်မပျက်ဝတ်ဆင်လျက်" ဝတ်စားဆင်ယင်မှုပြပွဲနှင့် ဂီတဖျော်ဖြေပွဲသို့ တက်ရောက်အားပေး

နေပြည်တော် ဇူလိုင် ၁

"ယဉ်ကျေးဝေဆာမေမြန်မာ၊ မျိုးဂုဏ်မပျက်ဝတ်ဆင်လျက်" ဝတ်စားဆင်ယင်မှုပြပွဲနှင့် ဂီတဖျော်ဖြေပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဒက္ခိဏသီရိမြို့နယ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး သီရိရတနာခန်းမဦးကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ တက်ရောက်အားပေးသည်။

စာမျက်နှာ ၃ သို့ ❑

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မုတ်သုံလေ အားကောင်းနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဧလ

၂၀၂၅ ခုနှစ် ၊ ဇူလိုင် ၂ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး နေ့စဉ်

# ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် ဆောင်ရွက်လျက်ရှိ

ပညာသည် လူ၏အရည်အသွေးဖြစ်သည်။ လူတစ်ယောက်သည် မွေးလာပြီးကတည်းက သေသည်အထိ ဘဝခရီးတစ်လျှောက်လုံး ပဲ့ကိုင်ပေးသောသူမှာ ပညာဖြစ်သည်။ ပညာကြောင့်ဖြစ်ပေါ်လာသော အကျိုးကျေးဇူးများသည် လောကလူသားများကို အလှဆင်လျက်ရှိသည်။ ပညာသည်သာ လူတိုင်းအတွက် ကောင်းကျိုးချမ်းသာအမျိုးမျိုးကို ပေးစွမ်းနိုင်မည်သာဖြစ်သည်။ လူတစ်ဦးနှင့်တစ်ဦး အကဲဖြတ် စဉ်းစားဆုံးဖြတ်ကြသည့်အခါ စာရိတ္တကောင်းခြင်း၊ မကောင်းခြင်းသည် အဓိကဆုံးဖြတ်ရာဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်တွင် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေးဟူသော လူမှုရေးဦးတည်ချက်တစ်ရပ်လည်းပါဝင်သည်။ နိုင်ငံတော်၏ အနာဂတ်ကာလအတွက် လူငယ်များကို တန်ဖိုးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာစေရန် ပြုစုပျိုးထောင်ရာတွင် ဗလငါးတန် ဖွံ့ဖြိုးရေးဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်လိုအပ်သည်။ ကိုယ်ကာယဖွံ့ဖြိုးရေး၊ အသိဉာဏ်ဖွံ့ဖြိုးရေးနှင့် ဗဟုသုတပြည့်စုံရေး၊ စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရေး၊ ပေါင်းသင်းဆက်ဆံရေး၊ အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးဆိုင်ရာ အသိအမြင်များ ကျယ်ပြန့်ရေးတို့ကို လူငယ်ဘဝတွင်ပြည့်စုံအောင် လေ့ကျင့်ဖြည့်ဆည်းပေးနိုင်သည်နှင့်အမျှ အနာဂတ်ကာလတွင် နိုင်ငံက အားကိုးအားထားပြုရမည့် စွမ်းအားစုများကို ရရှိနိုင်မည်ဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတွင် သဘာဝသယံဇာတ အရင်းအမြစ်များ ပြည့်စုံကြွယ်ဝရုံမျှဖြင့် မလုံလောက်ဘဲ အဆိုပါ အရင်းအမြစ်များကို ထိထိရောက်ရောက်အသုံးချနိုင်ရန် အတွက် ကျွမ်းကျင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရန်နှင့် တစ်ချိန်တည်းမှာပင် လူသားအရင်းအမြစ်များကို ခိုင်မာအားကောင်းသည့် အမျိုးသားရေးစိတ်ဓာတ်အားမာန်များ ပြည့်ဝလာစေရန်လည်း မွေးမြူပေးဖို့လိုမည်ဖြစ်သည်။

မျက်မှောက်ခေတ်သည် ပညာခေတ်ဖြစ်ပြီး နိုင်ငံတည်ဆောက်ရေးအတွက်လည်း ပညာတတ်များစွာ လိုအပ်လျက်ရှိရာ ပညာရေးနှင့်ပတ်သက်၍ အားပေးဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲက အမြဲမပြတ် တိုက်တွန်းအားပေးလျက်ရှိသည်။ နိုင်ငံအတွက် လိုအပ်သော တန်ဖိုးမြင့်သည့် လူ့စွမ်းအားအရင်းအမြစ်များရရှိရန် ပညာရေးနှင့် ကျန်းမာရေးနယ်ပယ်တို့တွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်ရန် လိုအပ်သကဲ့သို့ လူငယ်ထုအတွင်း ဗလငါးတန် ဖွံ့ဖြိုးရေးကိုလည်း ဘက်ပေါင်းစုံမှ စဉ်ဆက်မပြတ် ပြုလုပ်သွားရမည်လည်းဖြစ်သည်။ မြန်မာနိုင်ငံ၏ လူဦးရေတွင် လူငယ်ဦးရေအချိုးအစားက မြင့်မားနေခြင်းကြောင့် လူဦးရေဆုလာဘ်ရရှိသည်ဟုဆိုရာတွင် အဆိုပါ လူငယ်များအား နိုင်ငံအကျိုးပြုသည့် စွမ်းအားစုများဖြစ်လာအောင် လေ့ကျင့်ပေးနိုင်ရန်လိုအပ်သလို နိုင်ငံတည်ဆောက်ရေးတွင် ထိထိရောက်ရောက် အသုံးပြုနိုင်ရန်လည်း လိုအပ်သည်။ အဆိုပါ လူဦးရေဆုလာဘ်ကို နှစ်ပေါင်းနှစ်ဆယ်အတွင်း အကျိုးရှိရှိသုံးစွဲနိုင်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

နိုင်ငံတော်က ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်လာစေရန်အတွက် သက်ဆိုင်ရာဌာနများအလိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ လူငယ်များ ပညာတတ်ရုံမျှမက ကျန်းမာကြံ့ခိုင်သော၊ အကျင့်စာရိတ္တမြင့်မားသော၊ ပေါင်းသင်းဆက်ဆံမှုကျယ်ပြန့်သော၊ စီးပွားရေးကျွမ်းကျင်သော လူငယ်များဖြစ်လာအောင် စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။



## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ ၇၇လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(ချ-၁နှင့်၂)ကြား၊ မြို့သစ်(၃)ရပ်ကွက်၊ ၆၁လမ်းနှင့် ၁၀၇လမ်းထောင့်တို့တွင် ရောင်းချပေးခဲ့သည်။ **(အပေါ်ပုံ)**

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဇူလိုင် ၂ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၅၈လမ်း၊ ၃၈ လမ်းနှင့် ၃၉လမ်းကြား၊ အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာ၊ ဘုန်းကြီးကျောင်းဝင်းအတွင်းတို့တွင်လည်းကောင်း၊ ဇူလိုင် ၃ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ ၇၂လမ်းနှင့် မင်္ဂလာပန်းခြံလမ်းထောင့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၊ ငွေတော်ကျီကုန်းရပ်ကွက်တွင်လည်းကောင်း၊ ဇူလိုင် ၄ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ ၇၃ လမ်း၁၀၇နှင့် ၁၀၈လမ်းကြား၊ MIITကျောင်းရှေ့တို့တွင်လည်းကောင်း၊ ဇူလိုင် ၅ ရက်တွင် မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ ၆၈လမ်းနှင့် ၄၁လမ်းထောင့်၊ မွှာရုံရှေ့၊ အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ ထန်းတပင်ရပ်၊ လမ်းငါးခွမွှာရုံ၊ စစ်ကိုင်း-မန္တလေးလမ်း အရှေ့ဘက်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

## ရတနာပုံတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ပိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ(အမျိုးသား၊ အမျိုးသမီး)ဘတ်စကက်ဘော ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇူလိုင် ၁ ရက် နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်ရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယ ပါမောက္ခချုပ်များ၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ကျောင်းအုပ်ကြီး ဦးမြင့်နိုင်၊ အမရပူရမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ၊ ရတနာပုံတက္ကသိုလ် အားကစားဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ စီမံရေးရာဌာနများမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ကျောင်းသား၊ ကျောင်းသူများက အားပေးကြည့်ရှုအားပေးကြသည်။

အမျိုးသားဗိုလ်လုပွဲစဉ်တွင် ညွှန့်ပေါင်းအသင်းက (၃၄)မှတ်၊ ဥပဒေပညာအသင်းက (၃၃)မှတ် ဖြင့်လည်းကောင်း၊ အမျိုးသမီး ဗိုလ်လုပွဲစဉ်တွင် အားကစားပညာအသင်းက (၃၄)မှတ်၊ သချ်ာအသင်းက (၅)မှတ်ဖြင့် အသီးသီး အနိုင်ရ ဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အမျိုးသားပြိုင်ပွဲတွင် ဒုတိယဆုရ ဥပဒေပညာအသင်း၊ တတိယဆုရ ဓာတုဗေဒအသင်းနှင့် အမျိုးသမီးပြိုင်ပွဲတွင် ဒုတိယဆုရ သချ်ာအသင်းနှင့် တတိယဆုရ ဓာတုဗေဒ အသင်းတို့အား ဒုတိယပါမောက္ခချုပ်များ၊ အားကစားနှင့်ကာယ ပညာသိပ္ပံ (မန္တလေး)မှ ကျောင်းအုပ်ကြီးတို့က တစ်ဦးချင်းဆုများနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပါမောက္ခချုပ်က အကောင်းဆုံးအားကစားသမားဆုများနှင့် အမျိုးသား ပထမဆုရ ညွှန့်ပေါင်းအသင်းနှင့် အမျိုးသမီး ပထမဆုရ အားကစားပညာ အသင်းတို့အား တစ်ဦးချင်းဆုများ၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(စ ၂)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးတို့က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့အား ဂုဏ်ပြုပန်းစည်းချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးနှင့် ပါဝင်ဖျော်ဖြေတင်ဆက်ကြသည့်အနုပညာရှင်များအား ဂုဏ်ပြုပန်းစည်းချီးမြှင့်စဉ်။

❑ ရွှေဖုံးမှ

၂၀၂၅ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်သော မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ကြီးမှူးပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က အဆိုပါဝတ်စားဆင်ယင်မှုပြပွဲနှင့် ဂီတဖျော်ဖြေပွဲကို စီစဉ်တင်ဆက်ခြင်းဖြစ်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၏ ဇနီး၊ တွဲဖက်အတွင်းရေးမှူး၏ ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၏ ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၏ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၏ ဇနီးများ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ၏ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ ဇနီး၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ အမျိုးသမီးအဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၏ ဇနီး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အမျိုးသမီးကော်မတီဥက္ကဋ္ဌနှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် အမျိုးသမီးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ နိုင်ငံကျော်အနုပညာရှင်များ၊ အဆိုတော်များ၊ ဒီဇိုင်နာများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဖျော်ဖြေတင်ဆက်**

အခမ်းအနားတွင် "မြန်မာအမျိုးသမီးများနေ့" တေးသီချင်း၊ "ဗမာမလေးပါရှင်" "အင်အားသစ်များနှင့်အတူ" တေးသီချင်းများနှင့် သုံးရာသီချစ်သူ တေးသီချင်းများ၊ "နှေဂိမာန်အလှမေမြတ်ဝါဆိုက"၊ "ယုံးယုံးလက်ရာဝဿန်ခါ" နှင့် "ပေဟမာန်ဆောင်းအသွင်ပိုးမင်းကြီးအဆင်" ခေါင်းစဉ်တို့ဖြင့် နာမည်ကျော်ဝတ်စုံဒီဇိုင်နာများ ဖန်တီးဆန်းသစ်ထားသော ဝတ်စုံများ ဝတ်စားဆင်ယင်ပြသမှု၊ တစ်ခန်းရပ်ပြဇာတ်များ တင်ဆက်မှု၊ "ကမ္ဘာတည်သရွေ့" တေးသီချင်းနှင့် နိုင်ငံကျော်အဆိုတော်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးတို့က ဂုဏ်ပြုပန်းစည်းများ ချီးမြှင့်ရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့ကလည်းကောင်း၊ ဝတ်စားဆင်ယင်မှုပြပွဲနှင့် ဂီတဖျော်ဖြေပွဲကို စီစဉ်တင်ဆက်သော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး ဒါရိုက်တာဒေါ်မြတ်မြတ်ဦးနှင့် ပါဝင်ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များကိုယ်စား အကယ်ဒမီများရှင် ရန်အောင်နှင့် စိုးမြတ်သူဇာတို့ကလည်းကောင်း လက်ခံရယူကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး၊ တာဝန်ရှိသူများက အနုပညာရှင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။**သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဇူလိုင် ၁

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေ အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။ မိုး/ဇလ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)

**Tik Tok** မှာ တွေ့တဲ့ မြန်မာတိုင်းရင်းဆေးနည်းလေးတွေကို ထပ်မံဖော်ပြလိုက်ပါတယ်။ ရောဂါဝေဒနာခံစားနေရတဲ့သူတွေ ဒီဆောင်းပါးလေးကို ဖတ်ပြီး အနာနဲ့ဆေးတွေ့ကာ ပျောက်ကင်းကြပါစေလို့ ဆန္ဒပြုရေးသားလိုက်ပါတယ်။

**အဆုတ်ကင်ဆာဖြစ်လျှင်** ဖောက်ပင်(ပဥ္စငါးပါး)ကို ရေစင်အောင်ဆေး၍ ရေတစ်လီတာနှင့် ၁၅ မိနစ်ခန့် သုံးခွက်တစ်ခွက်တင်ပြုတ်ပြီး ထိုပြုတ်ရည်ကို အစားမစားမီ နံနက်၊ ည နှစ်ကြိမ် သောက်ပေးပါ။

**ခံတွင်းကင်ဆာ၊ လည်ပင်းကင်ဆာ၊ လျှာကင်ဆာဖြစ်လျှင်** ဆေးအိုးပုတ်ပင်၏ အရွက်လက်တစ်ဆုပ်စာခန့်ကို ရေဆေးပြီး ဝါး၍ ပါးစပ်အတွင်း၌ ငါးမိနစ်ခန့် ငုံထားပေးပါ။ (တစ်နေ့လျှင် သုံးကြိမ် ပြုလုပ်ပေးရပါမည်။) **(တစ်နည်း)** ဆေးအိုးပုတ်ရွက်အား ရေနှင့် သုံးခွက်တစ်ခွက်တင်ကျိုပြီး ထိုအရည်ကို ငုံခြင်း၊ ပလုတ်ကျင်းခြင်းကို မကြာခဏ ပြုလုပ်ပေးပါ။

**ကင်ဆာဖြစ်လျှင်** အာလူးကို အခွံခွာ၍ ပါးပါးလှီးပြီး ကြိတ်စက်ထဲသို့ ထည့်မွှေပါ။ ထို့နောက် အရည်ကို ဆန်ခါဖြင့် စစ်ယူပါ။ ထိုအရည်ကို လက်ဖက်ရည်ပန်းကန်တစ်လုံး နံနက်၊ ည နှစ်ကြိမ် သောက်ပေးပါ။

**ဆီးကျောက်တည်လျှင်** ကျောက်ကွဲရွက်ပင်(ပဥ္စငါးပါး)ကို ရေနှင့် သုံးခွက်တစ်ခွက်တင်ကျို၍ အကြမ်းပန်းကန်တစ်လုံးစာ တစ်နေ့လျှင် နှစ်ကြိမ်သောက်ပေးပါ။ **(တစ်နည်း)** အုန်းသီးနုနုတစ်လုံးကို ထိပ်ကဖောက်ပြီး ကျောက်ချဉ်ကို မြေပဲဆန် တစ်ဆန်စာလောက်ထည့်၍ တစ်ည စိမ်ထားပါ။ နောက်တစ်နေ့နံနက်တွင် သောက်ပေးပါ။

**ဆီးကျိတ်ဖြစ်လျှင်** ခရမ်းချဉ်သီးအကြီးတစ်လုံးကို ရေနှင့် ငါးမိနစ်ခန့်ပြုတ်ပါ။ ရလျှင် အခွံခွာ၍ ရေအနည်းငယ်ထည့်ပြီး ကြိတ်စက်ထဲထည့်ကြိတ်ပါ။ ရလာသည့်အရည်ကို တစ်ရက်တစ်ခွက် ပုံမှန်သောက်ပေးပါ။

**မြစ်ပွားနာဖြစ်လျှင်** တပင်တိုင်မြနန်းဥကို ထမင်းစားဇွန်းတစ်ဇွန်း တစ်နေ့လျှင် သုံးကြိမ် ဆန်ဆေးရည်နှင့် သွေးသောက်ပေးပါ။

**အူအတွင်းအညစ်အကြေးရှင်း၊ ဗိုက်ချပ်လိုလျှင်** ရှားစောင်းလက်ပပ် တစ်ထွာခန့်ကို အတွင်းမှ ဂျယ်လီဖတ်လေးများအား ဇွန်းဖြင့်ခြစ်ယူပြီး ပန်းကန်ထဲသို့ ထည့်ပါ။ ပြီးလျှင် သံပရာသီးတစ်လုံးညှစ်ထည့်ပြီး ဆားအနည်းငယ်ထည့်၍ သမအောင်ခေါက်ပြီး နံနက်ထမင်းစားပြီး တစ်ကြိမ်၊ ညစာစားပြီး တစ်ကြိမ် သောက်ပေးပါ။

**ဂေါက်ရောဂါ၊ ဒူးနာ၊ အဆစ်အမြစ်နာဖြစ်လျှင်** စပါးလင်လေး၊ငါးပင်ကို ရေနှစ်လီတာနှင့် ဆူပွက်လာသည်အထိပြုတ်ပါ။ ဆူပွက်လာပါက မီးလျှော့ပြီး ၁၅ မိနစ်ကြာအောင် ဆက်တည်ထားပါ။ ပြီးလျှင် အအေးခံထားပါ။ ထိုအရည်ကို ရေအစား သောက်ပေးပါ။

**အရေပြားရောဂါဖြစ်လျှင်** ကြောင်ပန်းရွက်သတ္တုရည်ကို ထမင်းစားဇွန်းတစ်ဇွန်း သောက်ပေးပါ။ **(တစ်နည်း)**သက်ရင်းကြီးမြစ်ကို ရေနှင့် သွေးသောက်ပေးပါ။

**ဆီးချိုဖြစ်လျှင်** သဘော်ဆီးဖြူအရွက်ကို ရေနှင့်သုံးခွက်တစ်ခွက်တင်ကျို၍ အစားမစားမီ တစ်နေ့သုံးကြိမ် သောက်ပေးပါ။

**အစာအိမ်ရောဂါဖြစ်လျှင်** သဘော်မယ်ဇလီ အရွက်၊ အပွင့်၊ အသီးခြောက်တို့ကို ရေနွေးကြမ်းသောက်သလို သောက်ပေးပါ။

**ကလေးများ အညှော်မိ၊ အဖျားကြီးလျှင်** ကြောင်ပန်းမြစ်ကို သွေး၍တိုက်ခြင်း၊ နှာရှူစေခြင်း ပြုလုပ်ပေးပါ။

**အနာပေါက်လျှင်** ကြောင်ပန်းရွက်ကို အရည်ညှစ်၍ အနာပေါ်တွင် လိမ်းပေးပါ။

**ငါးမျက်စိ၊ ကြွက်နို့ဖြစ်လျှင်** ကြွက်နို့နှင့် ငါးမျက်စိကို အနည်းငယ်ကုတ်ခြစ်ပြီး ခံသီးအစေးကို သုတ်လိမ်းပေးပါ။

**မီးယပ်ဖြူဆင်း၊ မီးယပ်သွေးလွန်ခြင်းဖြစ်လျှင်** မုယားကြီးပင်၏ အရွက်ကို ရေနှင့်ကျကျပြုတ်ပြီး တစ်နေ့လျှင် အကြမ်းပန်းကန်တစ်လုံးစာ သုံးကြိမ်သောက်ပေးပါ။ **(တစ်နည်း)** မုယားကြီးအမြစ်ကို ရေနှင့်သွေး၍ ထမင်းစားဇွန်းတစ်ဇွန်းခန့် တစ်နေ့လျှင် သုံးကြိမ် သောက်ပေးပါ။

**ပန်းနာ၊ ရင်ကြပ်၊ ချောင်းဆိုးလျှင်** မုယားကြီးပင် အရွက်သတ္တုရည်ကို ဆီးဖြူသီး သတ္တုရည်နှင့် ရောသောက်ပေးပါ။

**ချောင်းဆိုး၊ သွေးပါ၊ သွေးအန်လျှင်** မုယားကြီးအရွက်ပြုတ်ရည် အကြမ်းပန်းကန်တစ်လုံးစာကို တစ်နေ့လျှင် သုံးကြိမ် သောက်ပေးပါ။

**ထိခိုက်ရှနာနှင့် သွေးစိမ်းထွက်သော အနာများဖြစ်လျှင်** ရွက်ကျပင်ပေါက်အရွက်ကို မီးကင်၍ အနာပေါ်ကပ်ပေးပါ။ **(တစ်နည်း)** ဂုဏ်နမ္မာန်ရွက်ကို မီးကင်၍ အနာပေါ်ကပ်ပေးပါ။

**အနာစက်၊ အနာမီးလျှံ၊ မွေးကျွတ်နာဖြစ်လျှင်** ရွက်ကျပင်ပေါက်အရွက်ကို ကြိတ်၍ ရသောအရည်ကို လိမ်းပေးပါ။

**ဆီးပူ၊ ဆီးချုပ်၊ မြင်းသရိုက်နာဖြစ်လျှင်** ရွက်ကျပင်ပေါက်အရွက်နှစ်ရွက်ကို ငရုတ်ကောင်းအနည်းငယ်ထည့်၍ ညက်အောင်ထောင်းပြီး သောက်ပေးပါ။

**ကာလဝမ်းရောဂါဖြစ်လျှင်** ရွက်ကျပင်ပေါက် အရွက်သတ္တုရည်ကို ထမင်းစားဇွန်းနှစ်ဇွန်းခန့် သောက်ပေးပါ။

**အဆစ်လွဲ၊ အကြောထုံး၊ မီးလောင်ဒဏ်ရာဖြစ်လျှင်** ရွက်ကျပင်ပေါက် အရွက်ကို အရည်ညှစ်၍ လိမ်းပေးပါ။

**အနာများမပေါက်ဘဲ အညှော်မိ၊ ငန်းမန်းလိုက်၍ ရောင်နေလျှင်** ရွက်ကျပင်ပေါင် အရွက်ကို ကြိတ်ချေပြီး အုံပေးပါ။

**ဆီးသွားလျှင်သွေးပါခြင်း၊ သွေးဝမ်းသွားခြင်းဖြစ်လျှင်** ရွက်ကျပင်ပေါက် အရွက်သတ္တုရည်ကို သကြားအနည်းငယ်နှင့်ရောသောက်ပေးပါ။

**ဖောရောင်လျှင်** ရွက်ကျပင်ပေါက်အရွက်ကို မီးကင်၍ ရောင်နေသော နေရာများကို ကပ်ပေးပါ။

**မျက်လုံးပူခြင်း၊ ယားခြင်း၊ ကျိန်းခြင်း၊ ရောင်ရမ်းခြင်းဖြစ်လျှင်** ရွက်ကျပင်ပေါက် အရွက်ကို ညက်အောင်ကြိတ်ပြီး အုံပေးပါ။

**အအေးလွန်၍ မျက်စိနာဖြစ်လျှင်** ရွက်ကျပင်ပေါက်အရွက်ကိုကြိတ်ပြီး နနွင်းမှုန့်အနည်းငယ်ထည့်ကာ ခပ်နွေးနွေးလုပ်၍ မျက်စိပေါ်သို့ အုံပေးပါ။

**အဆုတ်ရောဂါဖြစ်လျှင်** ဇကရာဖ်ပင်၏ အရွက်ကို ရေနှင့် သုံးခွက်တစ်ခွက်တင် ကျိုသောက်ပေးပါ။

**ချိုင်းမည်း၊ ချွေးနံ့နံလျှင်** ကျောက်ချဉ်ကို ရေနှင့်သွေး၍ လိမ်းပေးပါ။

**ငါးအရိုးစူး၊ အဆိပ်ရှိဆူးစူးလျှင်** ဒဏ်ရာပေါ်သို့ ကျောက်ချဉ်ကို ရေနှင့် သွေးလိမ်းပေးပါ။

**ကင်းခြေများကိုက်လျှင်** ကျောက်ချဉ်ကို ရေနှင့်သွေးလိမ်းပေးပါ။ ကျောက်ချဉ်ကို ပြောင်းဖူးစေ့တစ်စေ့ခန့် ဝါးစားပေးပြီး ရေသောက်လိုက်ပါ။

**သွားကိုက်လျှင်** ရေနွေးထဲသို့ ကျောက်ချဉ်အနည်းငယ်ထည့်၍ စိမ်ထားပြီး ခပ်နွေးနွေးအနေအထားတွင် ခဏခဏ ပလုတ်ကျင်းပေးပါ။

**ပွေး၊ ညှင်း၊ တင်းတိပ်ဖြစ်လျှင်** ထောလပတ်ရွက် သတ္တုရည်ကို လိမ်းပေးပါ။

**ဝဲပေါက်လျှင်** ကျောက်ချဉ်ကို သနပ်ခါးနှင့်သွေး၍ လိမ်းပေးပါ။

**ပွေးနာဖြစ်လျှင်** ထောလပတ်အပင်၏ အမြစ်ကိုသွေး၍ ကျောက်ချဉ်၊ ငရုတ်ကောင်းတို့နှင့် ရော၍ လိမ်းပေးပါ။

**ဆံပင်၊ မျက်ခုံးမွေးသန်ချင်လျှင်** ထောလပတ်ပင်၏ အရွက်ကို ကြိတ်၍ အရည်ကို ဆံပင်နှင့် မျက်ခုံးမွေးပေါ် လိမ်းကျံပေးပြီး နာရီဝက်ခန့်ထားပြီးမှ ခေါင်းလျှော်ပေးပါ။

**မျက်စိနာ၊ မျက်ရည်ပူကျ၊ မျက်စိပူ၊ မျက်စိစပ်လျှင်** ဖန်ခါးသီးအခြောက်(သို့မဟုတ်)အစိမ်းကိုထောင်းပြီး နနွင်းမှုန့်အနည်းငယ်နှင့် ရေအနည်းငယ်ထည့်ကာ ညအိပ်ခါနီး မျက်ခွံပေါ်မှာ လိမ်းပေးပါ။

**ရေကျောက်ဖြစ်လျှင်** သဘော်ဆီးဖြူအရွက်ကို ပြုတ်ပြီး ရေချိုးပေးပါ။

**ခေါင်းတစ်ခြမ်းကိုက်၊ သွေးတိုးလျှင်** သဘော်ဆီးဖြူရွက်ကို တစ်နေ့လျှင် သုံးခက်စားပေးပါ။

**မေ့တတ်လျှင်** မင်းကွတ်သီးကို မကြာခဏ စားပေးပါ။ **(တစ်နည်း)**ပူစီနံ စားပေးပါ။

**အစာမကြေလျှင်** ပူစီနံကို စားပေးပါ။

**အရေပြားရောဂါဖြစ်လျှင်** သဘော်မယ်ဇလီ အရွက်ကို အခြောက်ခံ အမှုန့်ကြိတ်ပြီး အုန်းဆီနှင့်ရောလိမ်းပေးပါ။

**ဝမ်းချုပ်လျှင်** သဘော်မယ်ဇလီအပွင့်ကို အုန်းနို့နှင့် ရောပြီး သောက်ပေးပါ။ **(တစ်နည်း)** ရုံးပတီသီးကို အနေတော်လှီးပြီး ရေနွေးစိမ်၍ အရည်ရော၊ အဖတ်ရော စားပေးပါ။

**ပွေး၊ ဝဲ၊ ညှင်း၊ ဝဲစို၊ ဝဲခြောက်ဖြစ်လျှင်** ကြောင်ဆေးပင် သတ္တုရည်နှင့် တမာရွက်သတ္တုရည်ကို ဆတူရော၍ လိမ်းပေးပါ။

**အဆစ်အမြစ်ရောင်၊ နာကျင်လျှင်** ဆန်ဆေးရည် ငါးကြင်းခွက် တစ်ခွက်ထဲသို့ ကြက်ဥအကာနှစ်လုံး(အဖြူသား)နှင့် သံပရာသီး နှစ်လုံးကို ညှစ်၍ မွှေပြီး သောက်ပေးပါ။

**နာတာရှည်ချောင်းဆိုးလျှင်** ရှားစောင်းလက်ပပ် တစ်ထွာခန့်ကို အတွင်းသား ဂျယ်လီဖတ်လေးများအား ဇွန်းဖြင့် ခြစ်ယူပြီး ပန်းကန်လုံးထဲထည့်ပါ။ ထိုအထဲသို့ သံပရာသီးတစ်လုံးညှစ်၊ ဆားအနည်းငယ်ထည့်ပြီး သမအောင်မွှေကာ နံနက်၊ ည နှစ်ကြိမ် သောက်ပေးပါ။

**လေဖြတ်လျှင်** အရက်ဆီ၊ ဒီဇယ်ဆီ၊ နှမ်းဆီတို့ကို ဆတူရော၍ အဝကျယ်သော ဖန်ပုလင်းထဲသို့ ထည့်ပါ။ ရှောက်သီးနှစ်လုံးကို အရည်ညှစ်ထည့်ပါ။ ရှောက်သီးခွံများကိုလည်း ပုလင်းထဲသို့ ထည့်ပါ။ ပြီးလျှင် အဝတ်ချုပ်အပ် ငါးချောင်းကိုလည်း ပုလင်းထဲသို့ ထည့်လိုက်ပါ။ အပ်များ အရည်ပျော်သွားလျှင် စတင်အသုံးပြုနိုင်ပါပြီ။ ပုလင်းကိုလှုပ်ပြီး အထဲမှ ရှောက်ခွံလေးများကိုယူ၍ နာကျင်သည့်နေရာများသို့ အသားထဲသို့ စိမ့်ဝင်အောင် တစ်နေ့ သုံးကြိမ်လိမ်းပေးပါ။ (လမ်းပြန်လျှောက်လာနိုင်ပါလိမ့်မည်။)

**အဆုတ်ရောင်၊ လေပြွန်ရောင်လျှင်** ကြိတ်မှန်ရွက်ပင်(ပဥ္စငါးပါး)ကို ရေစင်အောင်ဆေး၍ ငရုတ်ဆုံထဲသို့ ထည့်ထောင်းပါ။ အရည်ကို စစ်ယူပြီး ပျားရည်နှင့်ရော၍ တစ်နေ့လျှင် နှစ်ကြိမ် သောက်ပေးပါ။ (တစ်ပတ်သောက်ရပါမည်။)

**ဖျားနာလျှင်** ကြိတ်မှန်ရွက် သတ္တုရည် အကြမ်းပန်းကန်တစ်ဝက်ခန့်ကို တစ်နေ့လျှင် နှစ်ကြိမ်သောက်ပေးပါ။

**အိပ်မပျော်၊ ညဘက်ခဏခဏနိုး၊ ဆီးမကြာခဏသွားလျှင်** ရှောက်ရွက်နုနု ၁၀ရွက်၊ ၁၅ရွက်ကို ပါးပါးလှီးပါ။ လှီးထားသည့် ရှောက်ရွက်များကို ဒယ်အိုးထဲသို့ထည့်ပြီး မီးအေးအေးလေးဖြင့် အရောင်ပြောင်းသည်အထိ လှော်ပါ။ ရလျှင် ထိုရှောက်ရွက်လှော်ကို ရေနွေးထဲထည့်ပြီး ၁၀ မိနစ်ခန့် စိမ်ထားပါ။ ညစာစားပြီး တစ်နေ့လျှင် ကော်ဖီခွက်တစ်ခွက်သောက်ပေးပါ။ (ဝမ်းချုပ်တတ်သူများ သံပရာသီးတစ်စိတ်ညှစ်ထည့်ပြီး သောက်ပေးပါ။)

**နှလုံးသွေးကြောကျဉ်းလျှင်** ဒန့်သလွန်ရွက် ထမင်းစားဇွန်းတစ်ဇွန်းစာကို ကြိတ်၍ ငါးကြင်းဖန်ခွက်ထဲထည့်ပါ။ ရေနွေးထည့်ပါ။ ပျားရည်ထမင်းစားဇွန်းတစ်ဇွန်းထည့်ပါ။ သံပရာသီးတစ်ခြမ်းကို အရည်ညှစ်ပြီး အခွံကိုပါ ၁၀ မိနစ်ခန့် စိမ်ထားပါ။ ၁၀ မိနစ်ပြည့်လျှင် သံပရာသီးအခွံကို ဖယ်လိုက်ပါ။ ပြီးလျှင် မွှေပြီး အရည်ကိုသောက်ပေးပါ။ အဖတ်များကိုလည်း ကုန်အောင်ဝါးစားပေးပါ။ **(တစ်နည်း)** ဆေးမင်းရာဇာ(ဝါ)တောင်လုံးကျော်ပင်၏ အရွက်ကို တစ်နေ့လျှင် ငါးရွက် ဝါးစားပေးပါ။

**ဦးနှောက်သွေးကြောပိတ်လျှင်** မက်မွန်သီးကို စားပေးပါ။

**ဦးနှောက်အမြှေးရောင်လျှင်** ချင်း(ဂျင်း)ကို စားပေးပါ။

**နှာရည်ယို၊ နှာမွှန်၊ နှာပိတ်လျှင်** ခရေစေ့ကို ကျောက်ပျဉ်ပေါ်တွင် ရေနှင့်သွေးပြီး နှာတံထိပ်မှ နှာသီးဖျားအထိ လိမ်းပေးပါ။ နဖူးထိပ် (မျက်ခုံးရိုးနှစ်ခုကြား)တွင် လိမ်းပေးပါ။ **(တစ်နည်း)** ခရေစေ့ကို မီးဖုတ်ပြီး ငရုတ်ဆုံထဲတွင် ညက်နေအောင် ထောင်း၍ အမှုန့်ပြုလုပ်ပါ။ ထိုအမှုန့်ကို အုန်းဆီနှင့်ဖျော်၍ ငယ်ထိပ်ကို လိမ်းပေးပါ။ (သုံးရက်တည်းနှင့် ပျောက်ကင်းပါမည်။)

**ဆီးချိုဖြစ်လျှင်** ငှက်ပျောဖူးတစ်ဖူးကို မီးသွေးနှင့် ကျွမ်းသွားအောင်ကင်ပြီး အစိတ်သေးသေးလေးများလှီးကာ ရေသုံးလီတာနှင့် ပြုတ်ပါ။ ဆူလာလျှင် အရည်ကိုစစ်ယူပြီး တစ်နေ့လုံး ရေအစား ငှက်ပျောဖူးရည်ကို သောက်ပေးပါ။ ခုနစ်ရက်ဆက်တိုက်သောက်ပါက ဆီးချိုရောဂါသက်သာစေပြီး သွေးတွင်းသကြားဓာတ်ကျဆင်းစေပါသည်။

**သွေးအားကောင်းချင်လျှင်** ငှက်ပျောဖူးဟင်းချိုချက်သောက်ပေးပါ။

**ခွန်အားတိုးချင်လျှင်** ဟင်းနုနယ်အမြစ်ကို ရေတစ်လီတာနှင့် ၁၅ မိနစ်ခန့်ပြုတ်ပြီးနောက် ရရှိလာသောအရည်ကို တစ်နေ့လျှင် နှစ်ကြိမ်သောက်ပေးပါ။

**အနာဟောင်း၊ အနာဆွေးဖြစ်လျှင်** ခွေးတောက်ရွက်ကို တစ်နေ့လျှင် သုံးကြိမ်ကပ်ပေးပါ။

**အကြောအဆစ်လွဲလျှင်** ခွေးတောက်ရွက် လက်တစ်ဆုပ်စာကို သကြားနှင့်ရောထောင်း၍ အကြောအဆစ်လွဲသည့်နေရာပေါ်သို့ အုံ၍ ပတ်တီးစည်းပေးပါ။

**ဝမ်းသွားရှိန်အရွဲများပါလျှင်** ခွေးတောက်ရွက်ကို ကြက်ဥနှင့်ကြော်စားပါ။

**ဒူးနာ၊ ခါးနာ၊ လက်၊ခြေထောက်နာကျင်ကိုက်ခဲလျှင်** ခွေးတောက်ရွက်ကိုထောင်းပြီး ရလာသည့်အရည်ကို သနပ်ခါးနှင့်သွေးပြီး လိမ်းပေးပါ။

**အဖု၊ အကျိတ်ဖြစ်လျှင်** ခွေးတောက်ရွက်ကို ကြိတ်ချေပြီး အဖု၊ အကျိတ်ပေါ်သို့ အုံပေး၍ ပတ်တီးစည်းထားပေးပါ။

**အရည်ကြည်ဖု၊ ပြည်တည်နာဖြစ်လျှင်** မင်းကွတ်သီး အခွံခြောက်ကို ထုံးရည်ကြည်နှင့်သွေးပြီး တစ်နေ့လျှင် နှစ်ကြိမ်၊ သုံးကြိမ် လိမ်းပေးပါ။

**ဝမ်းပျက်၊ ဝမ်းလျှောလျှင်** မင်းကွတ်သီးအခွံခြောက်တစ်ခုကို ရေနှင့် ၁၀ မိနစ်ခန့်ပြုတ်ပြီး တစ်ခါသောက်လျှင် ထမင်းစားဇွန်း တစ်ဇွန်းနှုန်းဖြင့် လေးနာရီခြားတစ်ခါ သောက်ပေးပါ။

"အာရောဂျံ ပရမံ လာဘံ"

**ကိုးကား–Tik Tok**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ကျောက်ဆည်ခရိုင်အတွင်း အာရှသားဆီစက်လုပ်ငန်းတွင် ဆီသန့်စင်စက်ဝယ်ယူတပ်ဆင်၍ ဆီသန့်စင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ နွေစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက် အောင်မြင်ဖြစ်ထွန်းမှု ကွင်းသရုပ်ပြပွဲနှင့် ဆောက်အင်း ဆိုလာစနစ်ပူးတွဲလျှပ်စစ်မြစ်ရေတင်စီမံကိန်းတို့အား ကွင်းဆင်းကြည့်ရှု

**မန္တလေး ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ကျောက်ဆည်ခရိုင်အတွင်း ဆီသန့်စင်စက် ဝယ်ယူတပ်ဆင်၍ ဆီသန့်စင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ နွေစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်အောင်မြင်ဖြစ်ထွန်းမှု ကွင်းသရုပ်ပြပွဲနှင့် ဆောက်အင်း ဆိုလာစနစ်ပူးတွဲလျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းများသို့ ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ကျောက်ဆည်မြို့၊ ရွာနိုင်ရပ်ကွက်ရှိ အာရှသားဆီစက်လုပ်ငန်းသို့ ရောက်ရှိပြီး မန္တလေးတိုင်းဒေသကြီး ဆီစက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌနှင့် အာရှသားဆီစက်လုပ်ငန်းရှင်တို့က ဆီသန့်စင်စက်(Refine Machine)အား ဝယ်ယူတပ်ဆင်ပြီးစီးမှုနှင့် ဆီသန့်စင်ထုတ်လုပ်နေမှု၊ မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသည့် ဆီထွက်သီးနှံများမှ ထွက်ရှိသည့် ပဲပုပ်ဆီ၊ ပန်းနှမ်းဆီ၊ နှမ်းဆီ၊ မြေပဲဆီ၊ နေကြာဆီ၊ ဝါစေ့ဆီ၊ မုန်ညင်းဆီ ကုန်ကြမ်းများကို နိုင်ငံတကာအဆင့်မီ သန့်စင်ပြီး ဆီထုတ်လုပ်နိုင်မှုနှင့် တစ်နေ့လျှင် ပိဿာ ၃၀၀၀ အထိ သန့်စင်ထုတ်လုပ်ပေးနိုင်မည့် အခြေအနေများ၊ မြေပဲဆီထုတ်လုပ်နေမှု အဆင့်ဆင့် နည်းစဉ်များကိုလည်းကောင်း၊ လုပ်ငန်းများဆက်လက်တိုးချဲ့နိုင်ရန် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများ ကိုလည်းကောင်း ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြည်တွင်းစားသုံးဆီဖူလုံမှုရှိစေရေး၊ ဆီထွက်သီးနှံပန်းတိုင်ရည်မှန်းချက်များပြည့်မီရေး၊ ပြည်ပသွင်းကုန်လျှော့ချပြီး ပြည်ပပို့ကုန်များ တင်ပို့နိုင်ရေး ပြည်တွင်းထုတ်လုပ်နိုင်မှု ပိုမိုတိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီး ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေး၍ လုပ်ငန်းလည်ပတ်နေမှုများကို လှည့်လည်ကြည့်ရှုခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စဉ့်ကိုင်မြို့နယ် ဆောက်အင်းကျေးရွာရှိ တောင်သူ ဦးကျော်နိုင်ဦး၏ နွေစပါး(ဆင်းသုခ)ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်အောင်မြင်ဖြစ်ထွန်းနေမှု ကွင်းသရုပ်ပြနေရာသို့ ရောက်ရှိပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ရှင်းလင်းတင်ပြမှုများနှင့် တက်ရောက်လာသည့် တောင်သူများမှ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နွေစပါး(ဆင်းသုခ) အောင်မြင်ဖြစ်ထွန်းနေမှုနှင့် မိုးစပါးစိုက်ပျိုးထားမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

ဆက်လက်၍ စဉ့်ကိုင်မြို့နယ်၊ ဆောက်အင်းကျေးရွာအနီးရှိ ဆောက်အင်းဆိုလာစနစ်ပူးတွဲ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ရောက်ရှိပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ဒုဋ္ဌဝတီမြစ်ပေါ်တွင် မြစ်ရေတင်စီမံကိန်း ၁၅ ခု ဆောင်ရွက်ထားရှိမှု၊ ယခုစီမံကိန်းတွင် လျှပ်စစ်ဓာတ်အား ချွေတာသုံးစွဲနိုင်ရေးအတွက် လျှပ်စစ်နှင့် ဆိုလာစနစ်ပူးတွဲပြီး လာမည့် မိုးရာသီမှစ၍ အကျိုးပြုဧက ၁၀၀၀ အထိ စိုက်ပျိုးရေပေးဝေနိုင်ရန် ဆောင်ရွက်နေမှုအခြေအနေ များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)




















# သမိုင်းဝင် ရွှေကြက်ကျဆုတောင်းပြည့်မြတ်စွာဘုရားအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ဖူးမြော် ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ဘိလပ်မြေအိတ် ၅၀၀ လှူဒါန်း

**မန္တလေး ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက အမရပူရမြို့နယ်ရှိ သမိုင်းဝင်ရွှေကြက်ကျဆုတောင်းပြည့်မြတ်စွာဘုရားသို့ သွားရောက်ဖူးမြော်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရား၊ စေတီ၊ ပုထိုးများနှင့် သာသနိကအဆောက်အအုံများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ဘုရားသို့ ရောက်ရှိစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်အား တာဝန်ရှိသူများက စေတီတော်ကြီးနှင့် အရံစေတီတော်များ၊ ရုပ်ပွားတော်မြတ်များနှင့် သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုနှင့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းဆောင်ရွက်ထားမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရား၊ စေတီ၊ ပုထိုးများနှင့် သာသနိကအဆောက်အအုံများအား ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် ဘိလပ်မြေအိတ် ၅၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)





သတင်း-စာမျက်နှာ ၅






# ခရိုင်အဆင့် စက်လှေကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှု(မွမ်းမံ) သင်တန်းအမှတ်စဉ် (၁/၂၀၂၅)ဖွင့်လှစ်

**ညောင်ရွှေ ဇူလိုင် ၁**

ရေပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ပိုမိုမြန်ဆန်ထိရောက်စွာ ဆောင်ရွက်နိုင်ရန်၊ တပ်ဖွဲ့ဝင်များအား စက်လှေကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်မောင်းနှင်တတ်စေရန်နှင့် ထိခိုက်ပျက်စီးမှုကို လျှော့ချနိုင်စေရန်အတွက် ရှမ်းပြည်နယ် မီးသတ်ဦးစီးဌာနမှ ဖွင့်လှစ် သည့် ခရိုင်အဆင့်စက်လှေကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှု (မွမ်းမံ) သင်တန်းအမှတ်စဉ်(၁/၂၀၂၅) ဖွင့်ပွဲကို ဇွန် ၃၀ ရက် နံနက် ၈ နာရီခွဲက ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကလော ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်စိုးက အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းကို ဇွန် ၃၀ ရက်မှ ဇူလိုင် ၁၁ ရက်အထိ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ သင်တန်းသား ၅၀ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးလျှော်ဘေးသင့်ပြည်သူများအား ဆန်တစ်လစာ (ဒုတိယ)အကြိမ်နှင့် ဝန်ထမ်းမှီခိုသူများအတွက် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ငါးပိ တစ်လစာ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားများသို့ တက်ရောက်

**မန္တလေး ဇူလိုင် ၁**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက မန္တလေးငလျင်ဘေးသင့်ပြည်သူများအား ဆန်တစ်လစာ (ဒုတိယ)အကြိမ်နှင့် ဝန်ထမ်းမှီခိုသူများအတွက် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ငါးပိ တစ်လစာ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားများကို ယနေ့နံနက်ပိုင်းက ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့ရှိ မြို့တော်ခန်းမဥ္စလည်းကောင်း၊ မွန်းလွဲပိုင်းက အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမဥ္စလည်းကောင်း ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများ၊ ငလျင်ဘေးသင့်ပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားများ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ငလျင်ဘေးဒဏ် ခံစားခဲ့ရသော မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဘေးသင့်ပြည်သူတစ်ဦးအတွက် ဆန်ရိက္ခာတစ်လစာ (ဒုတိယ)အကြိမ်၊ ဝန်ထမ်းမှီခိုသူတစ်ဦးအတွက် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ငါးပိ တစ်လစာတို့အား လတ်တလောစားသောက်ရေးအဆင်ပြေစေရေး ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပါကြောင်း၊ ငလျင်ဘေးကြောင့် နေအိမ်များ ပြိုကျပျက်စီးမှု၊ တစ်စိတ်တစ်ပိုင်းပျက်စီးမှုများအတွက် အိမ်ဆောက်ပစ္စည်းများနှင့် ထောက်ပံ့ငွေများအား ထောက်ပံ့နိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြင့် တုံ့ပြန်နိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာများမှ ဆောင်ရွက်လျက်ရှိသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက မန္တလေးငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများအား ထောက်ပံ့သည့် ဆန်နှင့်ရိက္ခာပစ္စည်းများကို သက်ဆိုင်ရာ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် ငလျင်ဘေးသင့်ပြည်သူများထံ ပေးအပ်ခဲ့ပြီး ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း၊ ယခုထောက်ပံ့ပေးမှုမှာ ၂၀၂၅ ခုနှစ် မေလအတွက်ဖြစ်ပြီး ငလျင်ဘေးသင့်ပြည်သူ (၁၅၁၇၇၆)ဦးအတွက် တစ်ဦးလျှင် ဆန်တစ်လစာ၊ ဝန်ထမ်းနှင့် မှီခိုသူ (၃၄၈၉၁)ဦးအတွက် တစ်ဦးလျှင် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ငါးပိ တစ်လစာ စုစုပေါင်း (၁၈၆၆၆၇)ဦးအတွက် ဆန်အိတ် (၅၈၃၃၄)အိတ်၊ ဆီ (၂၆၁၆၈)ပိဿာ၊ ဆား (၁၀၄၆၇)ပိဿာ၊ ကုလားပဲ (၅၂၃၃၆) ပိဿာနှင့် ငါးပိ (၅၂၃၄)ပိဿာတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**















သတင်း-စာမျက်နှာ ၇

















# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine-MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်း(ပထမအကြိမ်)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**မန္တလေး ဇူလိုင် ၁**

မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine-MEVM)ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်း(ပထမအကြိမ်) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် (MEVM)ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် မဲစာရင်းပြုစုရေးအထောက်အကူပြုအဖွဲ့ဝင်များ၊ သက်ဆိုင်ရာ တက္ကသိုလ်၊ ကျောင်းများမှ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီး၊ ခရိုင်ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ နည်းပြများ၊ သင်တန်းသူ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းအဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်အောင် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံအတွက် အကျိုးကျေးဇူးများစွာရှိပြီး ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင် ပြည်သူလူထုအတွက် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရမည့် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVE)၏ ဖွဲ့စည်းတည်ဆောက်ပုံ၊ တပ်ဆင်ပုံ၊ အသုံးပြုပုံ စသည့် အချက်အလက်များကို သင်တန်းသူ၊ သင်တန်းသားများအနေဖြင့် ရှင်းလင်းသေချာစွာ သိရှိနားလည်အောင် ဂရုတစိုက် လေ့လာမှတ်သားသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မျိုးဆန်းက မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine-MEVM)ကို ပြည်တွင်းရှိ နည်းပညာဆိုင်ရာ အဖွဲ့အစည်းများနှင့် တီထွင်ဆောင်ရွက်ထားမှု၊ ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။




ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine-MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းအတွက် ပြင်ဆင်ထားမှုများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူ၊ သင်တန်းသားများအား နှုတ်ဆက်အားပေးစကားများပြောကြားခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**










## မြို့သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ဆင်ပေါင်ဝဲ ဇူလိုင် ၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် မြို့သန့်ရှင်းသာယာရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၇ နာရီက အမှတ်(၃)ရပ်ကွက်၊ အမှတ်(၈)လမ်းမကြီးတစ်လျှောက် လမ်းဘေး ဝဲ၊ ယာ အမှိုက်သရိုက်များ၊ ချုံနွယ်ပိတ်ပေါင်းများအား စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ စုပေါင်းဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဆန်းဝင်းနှင့် ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းအဖွဲ့တို့က မြို့သန့်ရှင်းသာယာလှပရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် အမှတ်(၃)ရပ်ကွက်၊ အမှတ်(၈)လမ်းမကြီးတစ်လျှောက် လမ်းဘေး ဝဲ၊ ယာ အမှိုက်သရိုက်များ ရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း စသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပြီး အမှိုက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်ကားများဖြင့် စနစ်တကျ စွန့်ပစ်ခဲ့ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးမြို့ဝင် စစ်ဆေးရေးဂိတ်ကြီးများသို့ သွားရောက်ကြည့်ရှုစစ်ဆေး





**မန္တလေး ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး မန္တလေးမြို့ဝင် စစ်ဆေးရေးဂိတ်ကြီးများဖြစ်သော အမရပူရမြို့နယ်ရှိ(ရန်-မန်းလမ်း) ပေါ်ရှိ မြစ်ငယ်စစ်ဆေးရေးဂိတ်နှင့် ဧရာဝတီတံတား(ရတနာပုံ)မြစ်ကူးတံတား(မန္တလေး) စစ်ဆေးရေးဂိတ်များသို့ ယနေ့ မွန်းလွဲပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ စစ်ဆေးရေးဂိတ်များသို့ရောက်ရှိစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများအား မန္တလေးမြို့သို့ ဝင်ရောက်သည့် အဓိက မြို့ဝင်ဂိတ်ကြီးများဖြစ်ပြီး ခရီးသွားပြည်သူများ သွားလာမှုအခက်အခဲမဖြစ်ပေါ်စေရေး၊ ယာဉ်ကြောကျပ်တည်းမှုနှင့် ရှုပ်ထွေးမှုများမဖြစ်ပေါ်စေရေး၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး၊ တံတားရေရှည်ကြံ့ခိုင်ရေးအတွက် စနစ်တကျ စစ်ဆေးကြပ်မတ်ခြင်းအား အလေးထားဆောင်ရွက်ရေး၊ တရားမဝင်ကုန်သွယ်မှု တားဆီးရေးလုပ်ငန်းများကို လုံခြုံရေးအသိ၊ လုံခြုံရေးသတိတို့ဖြင့် ထိရောက်စွာဆောင်ရွက်သွားရေး၊ အနီးဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် အစဉ်အမြဲဆောင်ရွက်သွားရေးတို့ကို မှာကြားပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ယာဉ်များ ဖြတ်သန်းသွားလာမှု အခြေအနေများ၊ သဘာဝဘေးငလျင်ဒဏ်ကြောင့် အခက်အခဲကြုံတွေ့နေရသည့် ပြည်သူများ သွားလာရေးအဆင်ပြေချောမွေ့စေရန်၊ ကုန်စည်စီးဆင်းမှုများ ပုံမှန်လည်ပတ်နိုင်စေရန် မန္တလေး(ရွှေကြက်ယက်) ဆိပ်ကမ်းနှင့် စစ်ကိုင်းဆိပ်ကမ်းတို့အကြား ကုန်တင်ကားကြီးများ မြစ်ကူးပို့ဆောင်ခြင်းကို ပုဂ္ဂလိက ပိုင်ရေယာဉ်၊ တွဲရေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးနေမှု အခြေအနေများ၊ ငလျင်ဒဏ်ကြောင့် မြို့ပတ်လမ်း(ကမ်းနားလမ်း)၊ အမရပူရမြို့နယ်အတွင်းရှိ ထိခိုက်ပျက်စီးခဲ့သည့် လမ်းပိုင်း ပျက်စီးမှုနှင့် ပြင်ဆင်ထားမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀









## တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေး

**ကံမ ဇူလိုင် ၁**

မကွေးတိုင်းဒေသကြီး၊သရက်ခရိုင်၊ ကံမမြို့နယ်တွင် တောင်သူများ စိုက်ပျိုးထုတ်လုပ်မှု အဆင်ပြေ ချောမွေ့စေရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာ(၅၂)အုပ်စုမှ ဘဏ်အဖွဲ့ဝင် တောင်သူများအား ထုတ်ချေးပေးလျက်ရှိရာ ယမန်နေ့ နံနက် ၁၀နာရီက သက္ကယ်မြောင်ကျေးရွာအုပ်စုမှ တောင်သူ ၁၃၉ ဦးတို့၏ မိုးစပါးစိုက်ဧက ၄၆၄ ဧကအတွက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကျပ် ၆၉၆ သိန်းအား ထုတ်ပေးခဲ့သည်။

ထိုသို့ထုတ်ပေးရာတွင် ကံမမြို့နယ်၌ ငွေကျပ် သိန်းပေါင်း သုံးသောင်းအား ထုတ်ချေးပေးရန် လျာထားပြီး မိုးစပါးစိုက်ပျိုးမြေတစ်ဧကလျှင် ငွေကျပ် တစ်သိန်းငါးသောင်းနှုန်း၊ မြေပဲ၊ နှမ်းအစရှိသည့် အခြားသီးနှံစိုက်ဧက တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ကျေးရွာအုပ်စုများမှ ဘဏ်အဖွဲ့ဝင် တောင်သူများကို ထုတ်ချေးပေးသွားမည် ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

**စော်ထက်(သရက်)**

၀-၀-၀-၀-၀

**ပန်းမန်သစ်ပင်၊**
**လေသန့်စင်၍၊**
**ဉယျာဉ်တောတန်း၊**
**စိတ်ရွှင်လန်း၏။**

သတင်း-စာမျက်နှာ ၁၀











## ငှက်ပျောစိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိနေသဖြင့် ပိုမိုစိုက်ပျိုးလာ

**မန္တလေး ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး အတွင်းတွင် ငှက်ပျောစိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိသဖြင့် ပိုမိုစိုက်ပျိုးလာကြကြောင်း တိုင်းဒေသကြီး ငှက်ပျောအစုအဖွဲ့ထံမှ သိရသည်။

ငှက်ပျော တစ်ဧကလျှင် အပင် တစ်ထောင်စိုက်ပျိုးနိုင်ပြီး ကုန်ကျစရိတ်အားဖြင့် ငွေကျပ် သိန်း ၂၀ နှင့် သိန်း ၃၀ ကြား ကုန်ကျကြောင်း၊ အသီးနှင့် ငှက်ပျောပင်မှထွက်ရှိသော ငှက်ပျောအူများ ပြန်လည်ရောင်းချလျှင် တစ်ဧကလျှင် ငွေကျပ် သိန်းဆယ်နှင့်ချီကာ ဝင်ငွေ ပြန်လည်ရရှိသည်။

"ငှက်ပျောက စနစ်တကျ စိုက်ပျိုးရင် အသီးထွက်နှုန်းနဲ့ အရည်အသွေးပိုကောင်းတယ်၊ ဒီမှာ တစ်ပင်နဲ့တစ်ပင် ငါးပေ အကွာအဝေးထားပြီး စိုက်ပျိုးကြတယ်။ စိုက်ပျိုးပြီး ရှစ်လ လောက်နေရင် အသီးတွေကို ခုတ်ယူလို့ရပါပြီ၊ စီးပွားဖြစ် စိုက်ပျိုးတာထက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြတာတွေ များတယ်။ အသီးဖြစ်ထွန်းရင် ဖြစ်ထွန်းသလို စိုက်ပျိုးတောင်သူတွေအတွက် အဆင်ပြေတဲ့ သီးနှံတစ်မျိုး ဖြစ်ပါတယ်"ဟု အဆိုပါအစုအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိဈေးကွက်အတွင်း ငှက်ပျောအမျိုးအစားအဖြစ် ရခိုင်ငှက်ပျော၊ သီးမွှေးငှက်ပျော၊ ဖီးကြမ်းငှက်ပျော စသည်တို့ကို အများဆုံးစိုက်ပျိုးကြကြောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်၊ စဉ့်ကိုင်ဒေသများတွင် အများဆုံးစိုက်ပျိုးကြပြီး အဓိက မန္တလေးမြို့ပေါ်နှင့် အခြားသော နယ်ပယ်ဒေသအသီးသီးတို့ တင်ပို့ရောင်းချကြသည်။



ဈေးကွက်အတွင်း လက်ကားဈေးနှုန်းမှာ ရခိုင်ငှက်ပျော တစ်ဖီးလျှင် ငွေကျပ် ၁၅၀၀-၂၀၀၀၊ သီးမွှေးငှက်ပျော တစ်ဖီးလျှင် ငွေကျပ် ၂၀၀၀၊ ဖီးကြမ်းငှက်ပျောတစ်ဖီးလျှင် ငွေကျပ် ၂၀၀၀ -၂၅၀၀ ရှိကြောင်း၊ မုန့်ဟင်းခါးချက်ပြုတ်ရာတွင် အသုံးပြုသော ငှက်ပျောအူသည် ငွေကျပ် ၁၀၀၀ ဝန်းကျင်ရှိသည်။

ငှက်ပျောကို မြေလွတ်မြေရိုင်းများနှင့် ဥယျာဉ်ခြံမြေများတွင် အများဆုံးစိုက်ပျိုးနိုင်ကြောင်း၊ မြန်မာနိုင်ငံတွင် သမားရိုးကျ စိုက်ပျိုးထုတ်လုပ်သည့် ပုံစံမျိုးကို လုပ်ဆောင်နေကြခြင်းအား စီးပွားဖြစ်ထုတ်လုပ်ကာ ရောင်းသူ၊ ဝယ်သူဈေးကွက်များဖော်ဆောင်ကာဒေသအတွင်း သုံးစွဲမှုလုံလုံလောက်လောက်ရှိတင်သာမကဘဲ ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရန်အထိ လုပ်ဆောင်သွားရန် လိုအပ်ကြောင်း၊ ထို့အတွက် လိုအပ်သော နည်းပညာ၊ ဈေးကွက်အခြေအနေနှင့် အခြားသော လိုအပ်ချက်များကို သက်ဆိုင်ရာနှင့်ပူးပေါင်းကာ စိုက်ပျိုးတောင်သူများအား ဝေမျှသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-စ)



## ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးများအား ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေး

**ကျွန်းလှ ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးကောင်းမွန်ရေး၊ ကလေးငယ်များအား ရောဂါဘယ ကင်းစင်ရေးတို့အတွက် ယနေ့ နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံနှင့် မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက ကိုယ်ဝန်ဆောင်မိခင်များအား ဆုံဆို့၊ မေးခိုင်ရောဂါကာကွယ်ဆေးနှင့် မွေးကင်းစမှ အသက်နှစ်နှစ်အောက်ကလေးများအား အသက်အပိုင်းအခြားအလိုက် ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)(၄၈၀)**

သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး

သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၁

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်း အသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ရွှေစေတီဘာသန္တရသင်တန်းကျောင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီးအသုံးပြု၍ အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မဟာစေတီလှစေတီတော်အား အသစ်တစ်ဖန် ပြန်လည်တည်ထားကိုးကွယ်မည့် မြေနေရာကို ပြင်ဆင်ဆောင်ရွက်နေမှု၊ စစ်ကိုင်းမြို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် စေတီပုထိုးများ၊ စာသင်တိုက်များ၊ သာသနာ့နယ်ဝင်သီလရှင်စာသင်တိုက်များရှိ အပျက်အစီးများနှင့် နေအိမ်အဆောက်အအုံများရှိ အပျက်အစီးများကို အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုနှင့် စစ်ကိုင်းမြို့ရှိ သံဃာတော်များ၊ သာသနာ့နယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်နေကြသူများအား အားဖြည့်အချိုရည်များ ပေးအပ်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မေဃဂီရိရပ်ကွက်၊ ပုလဲငွေရောင်ရပ်ကွက်နှင့် မဟာအောင်မြေမြို့နယ် ရတနာဘုံမိရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အန္တရာယ်ရှိအဆောက်အအုံ အပျက်အစီးများအား စက်ယန္တရားကြီးများ အသုံးပြု၍ အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် လေးကျွန်းမြေအုဋ္ဌကျောင်းရှိ သာသနိကအဆောက်အအုံအပျက်အစီးများအား အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများ မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၊ရတနာဘုံမိရပ်ကွက်ရှိ ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိနေအိမ်အဆောက်အအုံအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားလေးဦး သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်

နေပြည်တော် ဇူလိုင် ၁

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ယူဂန္ဓာနိုင်ငံသားတစ်ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသားတစ်ဦး၊ ကင်ညာနိုင်ငံသားတစ်ဦး၊ မာဒါဂက်စ်ကာနိုင်ငံသားတစ်ဦး စုစုပေါင်းလေးဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ယူဂန္ဓာနိုင်ငံသံရုံး၊ နိုင်ဂျီးရီးယားနိုင်ငံသံရုံးနှင့် ကင်ညာနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ သံရုံးကိုယ်စားလှယ် Ms. Amy Kristen Miller နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မာဒါဂက်စ်ကာနိုင်ငံသံရုံးမှ ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ သံရုံးကိုယ်စားလှယ် Ms. Kritiya Jantanamalaka နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၈၀ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၉၈၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၉၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ် အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အမည်မည်းစာရင်းကြေညာခြင်း

*(ယမန်နေ့မှအဆက်)*

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာ အဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | နိုင်ငံသားစိစစ်ရေးကတ်မှတ် |
|---|---|---|---|---|
| ၄၅ | GILGAL OVERSEAS COMPANY LTD. | Mr. Carter Sesu Michael | Kyaik Kuauk Pagoad Road, Room No. 916, Building A3, STAR City, Thanlyin Township, Yangon | Z3107875 |
| | | Daw Naw Precious Joy | | 12/AHSANA(N)182584 |
| ၄၆ | GLOBAL BRIDGE GROUP COMPANY LIMITED. | Nay Ni Myint | No.(2), Waizaiyada Road, 4 (B), Thingankyun, Yangon Upper Baho Street, Building D, Room 609, 6 Floor, Mayangone, yangon | 13/TAKANA(N)168888 |
| | | Daw Yang Min Song | | 1/WAMANA(PYU)000270 |
| | | Daw Yone Yone | | 13/TAKANA(N)168178 |
| ၄၇ | GLOBAL GARUDA COMPANY LIMITED. | U Aung Naing Oo | 36 Street, Between (77x78) ST, No-133, Maha Aung Myay TSP, Mandalay | 9/MAHAMA(N)009669 |
| | | Daw Thwe Thwe Aung | | 9/PAOULA(N)001602 |
| ၄၈ | GLOBAL GEO INDUSTRY AND MINING CO., LTD. | Daw Moon December | 7, No. (65-66), Industrial Zone(1), Loikaw, Kayah | 2/LAKANA(N)067727 |
| | | U Hla Htwe | | 8/NAMANA(N)122472 |
| | | U Tay Zar Win Tun | | 12/OUKATA(N)150268 |
| ၄၉ | GLOBAL STEEL MYANMAR COMPANY LIMITED | Mr. Li Wu | R.(6) Street, No. (269), Mingaladone Garden City, Mingalardone Township, Yangon | E84011080 |
| | | Mr. Tsai Chi Fu | | 308682711 |
| | | Mr. Zhang Wenchuan | | E68838585 |
| | | Mr. Wang Zhenjie | | EA4226889 |
| ၅၀ | GLORY RADICAL TRADING COMPANY LIMITED. | Daw Nang Aye Wah | Conner of Sit Taung Street and Ma Li Hka Street, No. 101, Hlaing Thar Yar Township, Yangon | 13/THAPANA(N)029327 |
| | | U Tang Seng | | 1/THANANA(N)012404 |
| ၅၁ | GOLDEN BATTERY RECYCLING COMPANY LIMITED. | U Zaw Lin Tun | No. A-1, Room (701), Bahtoo Street, North Dagon Myothit Township, Yangon | 10/LAMANA(N)008174 |
| | | U Tun Tun Mon | | 10/YAMANA(N)153643 |
| ၅၂ | GOOD JOB COMPANY LIMITED. | Daw Win Win Thein | Shwe Oat Gu (5) Road, No (27), Room No. (004), Kamarkyi Housing, (8) Quarter, Tharkayta Township, Yangon | 9/KHAAHZA(N)021791 |
| | | U Kyan Kyar Roi | | 1/MAKANA(PYU)000337 |
| | | U Kyaw Thet Htun | | 9/AHMAZA(N)012341 |
| | | U Thein Kyaw Hlaing | | 11/PATANA(N)131638 |
| | | U Thet Tin Aung Win | | 3/BAAHNA(N)165694 |
| | | U Win Soe Oo | | 7/PAKHANA(N)290131 |
| ၅၃ | GREAT JOY COMPANY LIMITED. | Daw Su Su Aye | 34 Street, Upper Block, No. 177, 5th Floor, Shwe Ou Dawn Min Condo, Kyauktatar Township, Yangon | 11/TAKANA(N)107486 |
| ၅၄ | GREAT MOUNT SILVER TRADING COMPANY LIMITED. | U Zaw Min Tun | No.94, 37th Street (Middle), Ground Floor, 5 Ward, Kyauktada Township, Yangon | 12/AHSANA(N)158100 |
| ၅၅ | GREEN ELEPHANT HOUSE CO., LTD. | Daw Khyn Hla Hla Aung | Orchid Garden Lane 2, O 108, FMI Housing Estate Hlaing Thar Yar Township, Yangon | 12/KAMAYA(N)050263 |
| ၅၆ | GREEN MAST TRADING CO., LTD. | Daw Khin Su Su Htwe | No(1572), May Kha Road, (63) Quarter, Industry Zone (2), South Dagon Township, Yangon | 9/KAMANA(N)097283 |
| | | Daw Khin Than Myint | | 9/KAMANA(N)081025 |
| | | Daw Khin Than Saw | | 9/KAMANA(N)072845 |
| | | U Soe Aung | | 9/MAKANA(N)008779 |
| ၅၇ | HAY SHAN SMILE COMPANY LIMITED. | U Kyi Min | No.(115), 92 Street, Kan Shae Ward, Mingalar Taung Nyunt Township, Yangon | 12/KAMANA(N)099792 |
| | | Daw Win Win Maw | | 12/KAHKAKA(N)060953 |
| ၅၈ | HENG SHENG YE JIN COMPANY LIMITED. | Mr. Man Shenqiang | Building No(15), Room No. (9), Sabal Street, Thar Yar Gone Ward, Mingalar Taung Nyunt Township, Yangon | E13374261 |
| | | Mr. Wang Yi Bing | | G57634512 |
| | | U Sai Won Kyauk | | 13/KATANA(N)003667 |
| ၅၉ | HI TOP MIRAMAR COMPANY LIMITED. | | | |
| ၆၀ | HNIN HAY MARN COMPANY LIMITED. | U Min Naing Oo | No. 30, Myawaddy Asia Road, Thin Gan Nyi Naung, Ywar Thit Village, Myawaddy,Kayin State | 7/PHAMANA(N)110059 |
| ၆၁ | HUA SU COMPANY LIMITED | U Tun Lin | Industry (2) Street, No. (95/96), Myanugtagar Indaustrial, Hmawbi Township, Yangon | 13/MANANA(N)037375 |

စာမျက်နှာ ၁၄ သို့

စာမျက်နှာ ၁၃ မှ

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာအဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | နိုင်ငံသားစိစစ်ရေးကတ်မှတ် |
|---|---|---|---|---|
| ၆၂ | IMX MYANMAR COMPANY LIMITED. | Daw Phyo Phyo Khine<br>U Thura Kyaw | Bo Oaktama Street, No. 502, No.2 (KH) Ward, Mingaladon Township, Yangon | 1/MAKATA(N)118368<br>5/BATALA(N)052824 |
| ၆၃ | INTERUNION MYANMAR CO., LTD. | Ms. GENEVIEVE LIM POH LEE<br>Daw Phyu Thin Ei<br>U Thura Tun | Alanpya Pagoda Road, 103, Laypyaywun Plaza Dagon, Yangon Zawtika Street,18 Myaynigone, Sanchaung Yangon | E5955550J<br>9/MAKANA(N)099997<br>12/KAMAYA(N)031270 |
| ၆၄ | JAE TONG INTERNATIONAL LOGISTICS COMPANY LIMITED. | Daw Naw Eha Thi Phaw<br>U Lauk Tar @ Aung Khant | Shwe Tharaphi (3) Street, No.(H/98), (5) Ward, Hlaing Thar Yar TSP, Yangon | 14/MAAHPA(N)297943<br>13/LAYANA(N)191929 |
| ၆၅ | JAI RUI GARMENT COMPANY LIMITED. | U Kyee Fa @ U Aung Naing Win<br>U Kyee Swe @ Ye Aung | Ngwe Sin Housing, No.96, Kaung Mu Tone Wuarter, Muse Township, Shan State | 12/KAMATA(N)065933<br>13/MAHSATA(N)041459 |
| ၆၆ | JU XIAN COMPANY LIMITED. | U Aik Chwan<br>Daw Aye Shwe | No.63, (3) Street, Zayar Mon Ward, Kyeikehto Township, Mon State | 13/MAMATA(PYU)001070<br>13/NAMATA(N)058168 |
| ၆၇ | JULY KO KO TRADING CO.,LTD. | U Tun Lin Aung<br>U Zaw Myo Aung | Thukha Street, No. 214, 24 Ward, South Dagon Township, Yangon | 9/MAHTALA(N)004353<br>12/DAGATA(N)062929 |
| ၆၈ | KANAUNG SCIENTIFIC (KSFE) COMPANY LIMITED. | Daw Moh Moh Ei Swe<br>U Lin Win Thein<br>U Thura Kyaw | Thumingalar Road, RM(201), 2nd Floor, Building 521(A+B), Shwe Naing Ngan Thit Mini Condo, South Oakkalar Township, Yangon | 12/HTATAPA(N)079473<br>13/NYAYANA(N)087975<br>12/MAYAKA(N)111971 |
| ၆၉ | KO HTET EXPORT IMPORT COMPANY LIMITED. | U Thet Naung Tun<br>U Zaw Zaw Aung | (54) Street, No(448), 4th Floor, Botahtaung Township, Yangon | 12/OUKATA(N)190447<br>12/OUKATA(N)153775 |
| ၇၀ | KYEL SIN KHA COMPANY LIMITED. | U Aung Moe | Aung Theikdi Street, No. (40/KA), TA/15 Ward, Shwe Pyi Thar Township, Yangon | 12/LAMANA(N)009853 |
| ၇၁ | KY-THA INDUSTRIAL DEVELOPMENT COMPANY LIMITED. | Daw Mar Lar<br>U San Tun | Bayintnaung Road, No.7, 14 Quarter, Hlaing Township, Yangon | 12/KAMAYA(N)006572<br>12/SAKHANA(N)048999 |
| ၇၂ | LASHIO GREEN LEAF COMPANY LIMITED. | U Aung Than Zaw<br>U Hsan Maung | Anawyahta Street, No-22, Block 2, 27 Ward, North Dagon TSP, Yangon | 12/TAKANA(N)200920<br>13/LAYANA(N)187754 |
| ၇၃ | LIFE M.M.K COMPANY LIMITED. | U Sa Min Aung<br>U Myint Aung<br>U Kyaw Win | No. (112/2), 29th Street, Latepyarkan Yonegyi Ward, Bago | 14/MAMANA(N)231673<br>12/KHAYANA(N)107882<br>12/MAGATA(N)079450 |
| ၇၄ | LINEAGE POWER (MYANMAR) LIMITED. | Mr. VIJU VARGHESE VARGHESE<br>Mr. MURALIDHAR ARUMALLA<br>Ms. PADMA VENUGOPAL MADDISETTY<br>Mr. VENUGOPAL RAO MADDISETTY | Yadanar Road, No. 23/B, 14th Ward, Yankin Township, Yangon | Z5126506<br>Y6329904<br>N5145213<br>Z4515860 |
| ၇၅ | LINFRA LIMITED. | Mr. GABRIEL BOU GEBRAEL<br>Mr. MOHAMAD KHALED EL HAFFAR EL HABBAL<br>Daw Tin Wint Wint Lwin | 35th Street, No. 162, No. 2 Quarter, Kyauktada Township, Yangon | RL3511732<br>LR0349166<br>12/YAKANA(N)020271 |
| ၇၆ | LINN WAI YAN COMPANY LIMITED. | U Khin Maung Oo<br>U Lin Htut Ko<br>Daw San San Htay<br>U Saw Lwin | Botahtaung Zay Road, No(195), 6th Floor, Pazuntaung Township, Yangon | 12/BAHANA(N)090127<br>12/PAZATA(N)040055<br>12/PAZATA(N)040037<br>12/PAZATA(N)040103 |
| ၇၇ | LONG HENG (MYANMAR) MANUFACTURING COMPANY LIMITED. | Mr. HONG ZHENMEI<br>Mr. LIN SHANGZENG<br>Mr. LIN ZHONGMAN | Myay Taing Block No. 144, Plot No.5 , South Dagon Myo Thit Township, Yangon | EH4770173<br>G52498321<br>E60974095 |
| ၇၈ | LUCKY PARTNERS COMPANY LIMITED. | U Myint Zaw | No. (A/1), Shwe Myawaddy Street, Beside of New Myawaddy Market, Myawaddy Township, Kayin State | MGK-086018 |
| ၇၉ | LUCKY WIN COMPANY LIMITED. | U Nay Win Shein<br>U Kyaw Myo<br>Daw Yin Yin Win | Nant Phone Maw Street, Nant Phone Maw Quarter, Honmalin Township, Sagaing | 5/SAKANA(N)271640<br>5/HAMALA(N)067254<br>5/HAMALA(N)064441 |
| ၈၀ | M M N SHIPPING & SERVICES COMPANY LIMITED. | Daw Hnin Mar Lar<br>U Maung Maung | 122 Street, No.21, Third Floor, Mingalar Taung Nyunt, Yangon | 12/MAGATA(N)066130<br>12/KATATA(N)003209 |
| ၈၁ | M2M MARKETING (MYANMAR) CO.,LTD. | Mr. PRINRAPHEE AKSORNKOSIN<br>U Win Khine | No.9(P), Kyuan Tar (East) Village Group, Mudon Township, Mon State | AA7291547<br>10/MADANA(N)196482 |
| ၈၂ | MAJESTIC GLORY CO.,LTD. | | | |
| ၈၃ | MAL MA DI KO COMPANY LTD. | Daw Hay Mar Win<br>U Kyaw Win @ Shaw Phe Raman | 87 Street, Ma(9),(6) Floor, Kan(West) Quarter, Mingalar-taungnyunt Township, Yangon | 12/NYALAPA(N)230077<br>12/MAGATA(N)118078 |

(ဆက်လက်ဖော်ပြပါမည်)

# INTERNATIONAL NEWS နိုင်ငံတကာသတင်းများ

## အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟုကို အမေရိကန်သမ္မတ ထရမ့် လက်ခံတွေ့ဆုံရန် စီစဉ်ထား

**ဝါရှင်တန် ဇူလိုင် ၁**



အမေရိကန်သမ္မတ ဒေါ်နယ်လ် ထရမ့်သည် လာမည့် ဇူလိုင် ၇ ရက်တွင် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟုကို ဝါရှင်တန်မြို့တော်ရှိ အိမ်ဖြူတော်တွင် လက်ခံတွေ့ဆုံရန် စီစဉ်ထားသည်ဟု အမေရိကန်အရာရှိတစ်ဦးက ဇွန် ၃၀ ရက်တွင် အတည်ပြုပြောကြားကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးနှင့် ဟားမတ်စ်တို့အကြား ပဋိပက္ခငြိမ်းရေးနှင့် ကျန်ရှိနေသော အကျဉ်းသားများ ပြန်လည်လွတ်မြောက်ရေးအတွက် အမေရိကန်သမ္မတက ဖိအားပေးနေစဉ်တွင် ထိုသို့စီစဉ်ခြင်းဖြစ်သည်။

အစ္စရေးဝန်ကြီးချုပ်၏ အကြံပေးအဖွဲ့ဝင် ရောန်ဒါမားသည် ဝါရှင်တန်မြို့တော်သို့ ကြိုတင်ရောက်ရှိကာ အိမ်ဖြူတော်အရာရှိများနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း ထရမ့်၏ ပြောရေးဆိုခွင့်ရှိသူ ကရိုလိုင်းလီဗင်းက ဇွန် ၃၀ ရက်က ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များကို ထုတ်ဖော်ပြောကြားသည်။

အစ္စရေးနှင့် အမေရိကန်ခေါင်းဆောင်များ၏ တွေ့ဆုံမည့် အစီအစဉ်နှင့်ပတ်သက်၍ ဝါရှင်တန်ရှိ အစ္စရေးအရာရှိတစ်ဦးကလည်း အတည်ပြုခဲ့သည်။ ထိုတွေ့ဆုံရာတွင် အီရန်၊ ဂါဇာ၊ ဆီးရီးယားနှင့် အခြားဒေသတွင်း စိန်ခေါ်မှုများကို ဆွေးနွေးမည်ဖြစ်ကြောင်း ယင်းအရာရှိက ဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

## ၂၀၂၅ ခုနှစ် တရုတ်နိုင်ငံ၏ စားသုံးသူဈေးကွက် ပြန်လည်တိုးတက်မှုအရှိန်အဟုန်ရရှိရန် အလားအလာရှိနေ

**ပေကျင်း ဇူလိုင် ၁**

တရုတ်နိုင်ငံ၏ စားသုံးသူဈေးကွက်သည် ယခုနှစ်တွင် ပြန်လည်တိုးတက်မှုအရှိန်အဟုန်ရရှိရန် အလားအလာရှိနေပြီး ၂၀၂၅ ခုနှစ်အတွက် တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုတွင် စားသုံးမှုမြှင့်တင်ခြင်းကို ဦးစားပေးသည့်အတွက် စီးပွားရေး အရှိန်အဟုန်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ချမှတ်ထားသော ဝယ်ယူအားမြှင့်တင်ရေးမူဝါဒများက ကြီးမားသည့် ဖွံ့ဖြိုးတိုးတက်မှုအလားအလာများကို ဖြစ်ပေါ်စေသည်ဟု ဘော်စတွန်အကြံပေးအုပ်စု၏ တရုတ်နိုင်ငံရုံးခွဲဥက္ကဋ္ဌ ကရိုးလ်လျာရိုက ထုတ်ဖော်ပြောကြားကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံ၏ စားသုံးမှုကဏ္ဍသည် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်အသက်သွင်းရေးလုပ်ငန်းစဉ်တွင် ရှိနေဆဲဖြစ်ပြီး စားသုံးကုန်လဲလှယ်ရေးအစီအစဉ်သည် စားသုံးမှုပြန်လည်တိုးတက်ရေးတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း မကြာသေးမီက ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းခန်းတွင် ၎င်းက ထပ်လောင်းပြောကြားသည်။

ထို့ပြင် အမျိုးသားအဆင့် အထောက်အပံ့ငွေမူဝါဒအစီအစဉ် ဆက်လက်တည်ရှိရန် မျှော်လင့်သည်ဟုလည်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

၎င်း၏ပြောကြားချက်အရ အထူးသဖြင့် တရုတ်နိုင်ငံတွင် အီလက်ထရွန်နစ်ပစ္စည်းများ၊ အိမ်သုံးပစ္စည်းများနှင့် ပရိဘောဂများကဲ့သို့သော ဝယ်ယူမှုနှုန်းနည်းသည့် ကုန်ပစ္စည်းများကို ဝယ်ယူရန် အားပေးလာလျက်ရှိကြောင်း သိရသည်။

**Mon**



## ဆီးရီးယားနိုင်ငံအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများ ရုပ်သိမ်းရန် အမိန့်ကြော်ငြာစာ အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့် ယမန်နေ့က လက်မှတ်ရေးထိုးလိုက်ပြီဖြစ်

**ဒမတ်စကတ် ဇူလိုင် ၁**



အမေရိကန်ပြည်ထောင်စုမှ ဆီးရီးယားနိုင်ငံအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများ ရုပ်သိမ်းရန် အမိန့်ကြော်ငြာစာကို အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့် ယမန်နေ့က လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုဒဏ်ခတ်ပိတ်ဆို့မှုများသည် နိုင်ငံခြားငွေကြေးအကူညီများကို ပိတ်ပင်တားဆီးထားခြင်းဖြစ်ပြီး ဒီဇင်ဘာလတွင် သူပုန်များလက်ချက်ဖြင့် အာဏာမှ ဖယ်ရှားခံခဲ့ရသော ဘာရှာအာဆက် အစိုးရအပေါ် ကြပ်မတ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်အစိုးရသည် ဆီးရီးယားအစိုးရ၏ လုပ်ဆောင်ချက်များကို စောင့်ကြည့်သွားမည်ဖြစ်ပြီး အထူးသဖြင့် အစ္စရေးနိုင်ငံနှင့် ဆက်ဆံရေး ပုံမှန်ဖြစ်စေရန် လုပ်ဆောင်ချက်များ၊ နိုင်ငံခြားအကြမ်းဖက်သမားများကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ပါလက်စတိုင်းအကြမ်းဖက်အဖွဲ့များကို တားမြစ်ခြင်းတို့ ပါဝင်ကြောင်း ထုတ်ပြန်ခဲ့သည်။

ယင်းဆုံးဖြတ်ချက်သည် စီးပွားရေးပြန်လည်ထူထောင်ရေးအတွက် အဟန့်အတားများကို ဖယ်ရှားပေးပြီး နိုင်ငံတကာလူ့အဖွဲ့အစည်းနှင့် ဆက်သွယ်နိုင်စေရန် အခွင့်အလမ်းဖြစ်လာမည်ဟု ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး အာဆာ့ဒ်အလ်ရှီဘာနီက ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**



## ဂျပန်နိုင်ငံ၏ ဒေသအများစုမှ ပင်လယ်စာများ တင်သွင်းခွင့်ပိတ်ပင်မှုကို လွန်ခဲ့သော နှစ်နှစ်က ကျင့်သုံးပြီးနောက် တရုတ်နိုင်ငံက ပယ်ဖျက်ပေးလိုက်ပြီ

**တိုကျို ဇူလိုင် ၁**

ဖူကူရှီးမားနျူကလီးယားစက်ရုံမှ သန့်စင်ပြီး ရေဆိုးများ ထုတ်လွှတ်မှုနှင့် ပတ်သက်၍ စိုးရိမ်မှုများကြောင့် လွန်ခဲ့သော နှစ်နှစ်က ကျင့်သုံးခဲ့သည့် ဂျပန်နိုင်ငံ၏ ဒေသအများစုမှ ပင်လယ်စာများ တင်သွင်းခွင့်ပိတ်ပင်မှုကို တရုတ်နိုင်ငံက ပယ်ဖျက်ပေးလိုက်ပြီဖြစ်ကြောင်း ဘီဘီစီ သတင်းဌာနက ဖော်ပြသည်။

တရုတ်အစိုးရက ဂျပန်နိုင်ငံ၏ (၄၇)မြို့နယ်အနက် တိုကျိုနှင့် ဖူကူရှီးမားအပါအဝင် (၁၀) မြို့နယ်မှ လွဲ၍ အခြားဒေသများမှ ပင်လယ်စာများကို အခြေအနေအရ ပြန်လည်တင်သွင်းခွင့်ပြုမည်ဟု ယမန်နေ့က ကြေညာခဲ့သည်။

ဖူကူရှီးမားမှ နျူကလီးယား ညစ်ညမ်းရေဆိုးများကို ရေရှည်စောင့်ကြည့်လေ့လာမှုများအရ ရယူထားသော နမူနာများတွင် ပုံမှန်မဟုတ်သည့် အခြေအနေများ မတွေ့ရကြောင်း တရုတ်အကောက်ခွန်ဦးစီးဌာနက ဇွန် ၂၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဆူနာမီလှိုင်းဒဏ်ကြောင့် ဂျပန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ဖူကူရှီးမားစက်ရုံ၏ နျူကလီးယားပေါင်းခံစက် သုံးလုံးကို ရေလွှမ်းမိုးခံခဲ့ရမှု ၂၀၁၁ ခုနှစ်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

## ကမ္ဘာ့ငွေကြေးဆုံးရှုံးမှုကြားမှ မညီမျှမှုနှင့်ပတ်သက်၍ ကုလဖွံ့ဖြိုးရေးငွေကြေးရေးရာညီလာခံ၌ ဆွေးနွေးမည်

**မက်ဒရစ် ဇူလိုင် ၁**

ကုလသမဂ္ဂဖွံ့ဖြိုးရေး ငွေကြေးရေးရာညီလာခံကို စပိန်နိုင်ငံတောင်ပိုင်း ဆီဗီးလ်မြို့တွင် ယမန်နေ့က စတင်ဖွင့်လှစ်ခဲ့ပြီး အမေရိကန်ပြည်ထောင်စု အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအေဂျင်စီ၏ ငွေကြေးထောက်ပံ့မှု ဖြတ်တောက်ခံရပြီးနောက် ကမ္ဘာ့ငွေကြေးဆုံးရှုံးမှုကြားမှ မညီမျှမှုနှင့်ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံများက ဆွေးနွေးမည်ဖြစ်ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

ဆယ်နှစ်လျှင်တစ်ကြိမ်သာ ကျင်းပသည့် ထိုအခမ်းအနားကို ဇူလိုင် ၁ ရက်မှ ၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဇော်မွတ်ခေါင်းပါးမှု၊ ဆင်းရဲမွဲတေမှု၊ ရာသီဥတုပြောင်းလဲမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ငြိမ်းချမ်းရေးစသည့် ကမ္ဘာ့အရေးကြီးသော ကိစ္စရပ်များကို ဖြေရှင်းရန် ရည်ရွယ်ထားသည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်၊ ဥရောပကော်မရှင်ဥက္ကဋ္ဌ အွာဆူလာဗွန်ဒါလေယွန်၊ ပြင်သစ်သမ္မတ အီမန်နွဲလ်မာခရွန်နှင့် ကင်ညာသမ္မတ ဝီလီယမ်ရူတိုတို့ အပါအဝင် ကမ္ဘာ့ခေါင်းဆောင်အနည်းဆုံး ၅၀ ခန့် ဆီဗီးလ်မြို့တွင် စုဝေးပြီးနောက် လုပ်ငန်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ငွေကြေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၄၀၀၀ ကျော်ကလည်း ယင်းအခမ်းအနား၌ စတုတ္ထအကြိမ်မြောက် ပါဝင်ဆွေးနွေးနေကြောင်း သိရသည်။

**Mon**

## တူရကီနိုင်ငံအနောက်ပိုင်း အစ်ဇမီးခရိုင် တောမီးများကို မီးသတ်သမားများ ထိန်းချုပ်ရန် ကြိုးပမ်းလျက်ရှိ

**အီစတန်ဘူလ် ဇူလိုင် ၁**

မီးသတ်သမားများသည် တူရကီနိုင်ငံအနောက်ပိုင်း အစ်ဇမီးခရိုင်တွင် ဒုတိယနေ့ဆက်တိုက် တောမီးများကို ထိန်းချုပ်ရန်ကြိုးပမ်းလျက်ရှိကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

အစ်ဇမီးခရိုင်ရှိ ကူယူကတ်နှင့် ဒိုဂါဘေးဒေသများတွင် ဖြစ်ပွားနေသော မီးလောင်မှုသည် တစ်နာရီလျှင် ကီလိုမီတာ ၄၀-၅၀ (၂၅-၃၀ မိုင်)အထိ တိုက်ခတ်သည့် လေတိုက်နှုန်းကြောင့် ပိုမိုပြင်းထန်လာကာ ကျေးရွာလေးရွာနှင့် ရပ်ကွက် နှစ်ခုကို ရွှေ့ပြောင်းပေးခဲ့ရသည်ဟု တူရကီသစ်တောဝန်ကြီးက ရှင်းလင်းပြောကြားသည်။

ရဟတ်ယာဉ်များ၊ မီးငြိမ်းသတ်ရေးလေယာဉ်များနှင့် အခြားယာဉ်များ၊ လူ ၁၀၀၀ ကျော်တို့သည် တောမီးများကို ငြိမ်းသတ်ရန် ကြိုးစားနေကြသည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်မှုရှိသည်ဟု ဖော်ပြထားသော ပူပြင်းခြောက်သွေ့မှုများ မြင့်တက်လာရာမှ လွန်ခဲ့သောနှစ်အနည်းငယ်မှစ၍ တူရကီနိုင်ငံ၏ ကမ်းရိုးတန်းဒေသများတွင် တောမီးဘေးဒဏ်ကို ထိုသို့ ဆိုးရွားစွာ ခံစားနေရခြင်းဖြစ်သည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ကြောင်း သိရသည်။

**Mon**

# နိုင်ငံတကာ အားကစား သတင်းများ




## နည်းပြ ပင်းဆင့်ဇိုမွန်တဲလား တူရကီလက်ရွေးစင်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဇူလိုင် ၁**

တူရကီလက်ရွေးစင်အသင်းသည် အသင်းနည်းပြ ဗင်းဆင့်ဇိုမွန်တဲလားအား ၂၀၂၈ခုနှစ်အထိ သက်တမ်းတိုး စာချုပ်ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် တူရကီလက်ရွေးစင်အသင်းကို ၂၀၂၃ခုနှစ် စက်တင်ဘာ ၂၁ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၂၃ပွဲတွင် ၁၂ပွဲနိုင်၊ လေးပွဲသရေ၊ ခုနစ်ပွဲ ရှုံးရလဒ်ဖြင့် နိုင်ပွဲ ၅၂ ရာခိုင်နှုန်းရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ထပ်မံချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၅၁)နှစ်အရွယ်ရှိ နည်းပြ ဗင်းဆင့်ဇိုမွန်တဲလားက "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို ယုံကြည်စွာနဲ့ ဆက်လက်တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ တူရကီအသင်း အောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အပေါ်ပုံ)**

**(NGB)**

## ဂျွန်ဒူရန်အား ခေါ်ယူရန် ဖီနာဘာချီအသင်း သဘောတူညီမှု ရရှိ

**လန်ဒန် ဇူလိုင် ၁**




နည်းပြ မော်ရင်ဟို ကိုင်တွယ်နေသည့် ဖီနာဘာချီအသင်းသည် ဆော်ဒီပရိုလိဂ်ကလပ် အယ်လ်နာဆာအသင်းနှင့် အဆင်မပြေဖြစ်နေသည့် တိုက်စစ်မှူး ဂျွန်ဒူရန်အား ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည်။

အသက်(၂၁)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဖီနာဘာချီအသင်းတွင် လုပ်ခလစာငွေ ယူရို ၁၀သန်းထိ ရရှိသွားမည်ဖြစ်သည်။

တိုက်စစ်မှူး ဂျွန်ဒူရန်သည် အယ်လ်နာဆာအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၁၈ပွဲကစားပြီး ၁၂ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖီနာဘာချီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

ထို့ကြောင့် ဂျွန်ဒူရန်အနေဖြင့် လာမည့် ဘောလုံးရာသီသစ်တွင် ဖီနာဘာချီအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

## မိုဟာမက်ကူဒက်စ်ကို ခေါ်ယူရန် စပါးအသင်း ဆွေးနွေး

**လန်ဒန် ဇူလိုင် ၁**

စပါးအသင်းသည် ဝက်စ်ဟမ်းအသင်း ကွင်းလယ်တိုက်စစ်ကစားသမား မိုဟာမက်ကူဒက်စ်ကို ခေါ်ယူရန် ဆွေးနွေးလျက်ရှိပြီးဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် ဝက်စ်ဟမ်းအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၈၀ကစားပြီး ၁၉ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းက ခေါ်ယူရန် ဆွေးနွေးလာခြင်းဖြစ်သည်။

ဝက်စ်ဟမ်းအသင်းကလည်း မိုဟာမက် ကူဒက်စ်အတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၈၀ ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိနေသည်။ **(အောက်ပုံ)**

ထို့ကြောင့် စပါးအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဝက်စ်ဟမ်းအသင်းထံမှ မိုဟာမက်ကူဒက်စ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**




## ဂျွန်နီအီဗန်စ်ကို လူငယ်ကစားသမား အငှားချထားရေး အကြီးအကဲအဖြစ် မန်ချက်စတာယူနိုက်တက်အသင်းခန့်အပ်

**မန်ချက်စတာ ဇူလိုင် ၁**

မန်ချက်စတာယူနိုက်တက်အသင်းသည် အသင်းကစားသမားဟောင်းဖြစ်သူ ဂျွန်နီအီဗန်စ်ကို လူငယ်ကစားသမား အငှားချထားရေး အကြီးအကဲအဖြစ် ခန့်အပ်တာဝန်ပေးခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

ဂျွန်နီအီဗန်စ်သည် ပြီးခဲ့သည့် မေလက ကစားသမားဘဝမှ အနားယူခဲ့ပြီးနောက် လက်ရှိအချိန် မန်ချက်စတာယူနိုက်တက်အသင်း၏ လူငယ်ကစားသမား အငှားချထားရေး အကြီးအကဲအဖြစ် ခန့်အပ်ခံခဲ့ရခြင်းဖြစ်သည်။ **(ယာပုံ)**

အသက်(၃၇)နှစ်အရွယ်ရှိ ဂျွန်နီအီဗန်စ်သည် လူငယ်ကစားသမားများအတွက် စံထားရသူတစ်ဦးဖြစ်ခြင်းကြောင့် ယခုရာထူးကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်လိမ့်မည်ဟုလည်း မန်ချက်စတာယူနိုက်တက်အသင်းက ယုံကြည်လျက်ရှိသည်။

ဂျွန်နီအီဗန်စ်က "ကျွန်တော့်ကို အခုလို လူငယ်ကစားသမား အငှားချထားရေး အကြီးအကဲအဖြစ် ခန့်အပ်တာဝန်ပေးခဲ့လို့ ဝမ်းသာမိပါတယ်။ ကျွန်တော့်အနေနဲ့လည်း ပေးအပ်တဲ့တာဝန်ကို ကျေပွန်အောင် အကောင်းဆုံး ဆောင်ရွက်သွားမှာပါ"ဟု ပြောသည်။ **(NGB)**






## 2025 Hall of Fame Open တင်းနစ်ပြိုင်ပွဲ ဇူလိုင် ၇ ရက်တွင် စတင်ကျင်းပမည်

**ဝါရှင်တန် ဇူလိုင် ၁**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Hall of Fame Open တင်းနစ်ပြိုင်ပွဲကို လာမည့် ဇူလိုင် ၇ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်သည်။ **(အပေါ်ပုံ)**

အဆိုပါ 2025 Hall of Fame Open တင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၇ရက်မှ ၁၄ရက်အထိ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2025 Hall of Fame Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

2025 Hall of Fame Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဖြစ်သောသူသည် အမေရိကန်ဒေါ်လာ ၂၀၀၀၀၀ ရရှိသွားမည်ဖြစ်သည်။ **(NGB)**

## ပါတေး စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် အာဆင်နယ်အသင်းမှ ထွက်ခွာ

**လန်ဒန် ဇူလိုင် ၁**




ကွင်းလယ်ကစားသမား ပါတေးသည် အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် အသင်းမှ ထွက်ခွာသွားခဲ့ပြီဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများအပြင် ဆော်ဒီပရိုလိဂ်ကလပ်အသင်းများစွာကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်ကစားသမား ပါတေးသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆၇ပွဲကစားကာ ကိုးဂိုးသွင်းယူပြီး ခြေစွမ်းပြထားသည်။

ထို့ကြောင့် အသင်းလက်မဲ့ဖြစ်သွားသော ကွင်းလယ်ကစားသမား ပါတေးအနေဖြင့် မည်သည့်ကလပ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ပုံ)**

**(NGB)**

## အယ်လ်ဟီလာအသင်းက မန်ချက်စတာစီးတီးအသင်းအား လေးဂိုး၊ သုံးဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် ဇူလိုင် ၁**

၂၀၂၅ ဖီဖာကလပ်ကမ္ဘာ့ဖလား ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက အယ်လ်ဟီလာအသင်းနှင့် မန်ချက်စတာစီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အယ်လ်ဟီလာအသင်းက မန်ချက်စတာစီးတီးအသင်းအား အချိန်ပိုလေးဂိုး၊ သုံးဂိုးဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။ **(ယာပုံ)**

အယ်လ်ဟီလာအသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၄၆မိနစ်နှင့် ၁၁၂မိနစ်တွင် လီယိုနာဒို၊ ပွဲချိန် ၅၂မိနစ်တွင် မယ်လ်ကွန်၊ ပွဲချိန် ၉၄မိနစ်တွင် ကူလီဘာလီတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

အယ်လ်ဟီလာအသင်းသည် ၂၀၂၅ ဖီဖာကလပ်ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်အဆင့်တွင် ဖလူမီနီအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

**(NGB)**




### ၂၀၂၆ အာရှဖလား(အမျိုးသမီး)ဘောလုံးပြိုင်ပွဲ-ခြေစစ်ပွဲ(အုပ်စုအဆင့်)ပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|---|
| ၂-၇-၂၀၂၅ ဗုဒ္ဓဟူးနေ့ | ညနေ ၃း၀၀နာရီ | D | ကာဂျစ္စတန် - တရုတ်တိုင်ပေ |
| ။ | ညနေ ၃း၃၀နာရီ | E | မော်လ်ဒိုက် - ဂူအမ် |
| ။ | ။ | B | အိန္ဒိယ - အီရတ် |
| ။ | ။ | G | ဆော်ဒီအာရေဗျ - ဟောင်ကောင် |
| ။ | ညနေ ၄း၀၀နာရီ | C | ဘင်္ဂလားဒေ့ရှ် - မြန်မာ |
| ။ | ညနေ ၆း၃၀နာရီ | G | ကမ္ဘောဒီးယား - ဖိလစ်ပိုင် |
| ။ | ။ | E | ယူအေအီး - ဗီယက်နမ် |
| ။ | ည ၇း၀၀နာရီ | C | တာမင်နစ္စတန် - ဘာရိန်း |
| ။ | ။ | F | သီရိလင်္ကာ - နီပေါ |
| ။ | ။ | B | မွန်ဂိုလီးယား - ထိုင်း |
| ။ | ည ၇း၃၀နာရီ | D | ပါကစ္စတန် - အင်ဒိုနီးရှား |
| ။ | ည ၈း၃၀နာရီ | H | ပါလက်စတိုင်း - မြောက်ကိုရီးယား |
| ။ | ည ၁၀း၀၀နာရီ | F | လာအို - ဥဇဘက်ကစ္စတန် |
| ။ | ည ၁၁း၃၀နာရီ | H | တာဂျစ်ကစ္စတန် - မလေးရှား |

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၄၉-C လမ်း၊ လမ်း၁၂၀နှင့် ၁၂၁လမ်းကြားတွင်တည်ရှိသော အကွက်အမှတ်(ညည-၇၅)၊ ဦးပိုင်အမှတ်(၁၂)အတွင်းမှ တောင်ဘက်ခြမ်း ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးရီမင်း(၉/မနမ(နိုင်)၁၁၆၅၉၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့် ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးလှမိုး(ဥပဒေဘွဲ့) — ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ — တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဒ-၁၁ / ၄၁+၄၄)၊ ၆၃Aလမ်း၊၃၉ A လမ်းနှင့် လမ်း၄၀ကြား၊မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း 09-2070007, 09-792070007, 09-43250000**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကဠုဏမဟီရပ်ကွက်၊ ၃၄-A လမ်း၊ ၇၇လမ်းနှင့် ၇၆လမ်းကြားတွင် တည်ရှိသော အကွက်အမှတ်(၆၄၁)၊ ဦးပိုင်အမှတ်(၂၄-ခ)၊ ဧရိယာဧက (၀ ဒသမ ၀၁၁၉) (မြေပြင်တွင် ဝင်းခြံခတ်ထားသည့်အတိုင်း) အကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်၊ မြေပေါ်ရှိ နံကပ်နှစ်ထပ်အဆောက်အအုံ(ရေမီးအစုံ)၊ မြေပေါ်မြေအောက်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်ခင်မမ(၉/မရမ(နိုင်)၀၆၄၉၀၈)၊ ဒေါ်ခင်လှလှ(၉/မရမ(နိုင်)၀၄၁၇၂၂)၊ ဒေါ်သန္တာအောင်(၉/မရမ(နိုင်)၀၀၀၃၀၇)၊ ဒေါ်စန္ဒာအောင်(၉/ခအဇ(နိုင်)၀၁၄၈၈၈)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့် ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးလှမိုး(ဥပဒေဘွဲ့) — ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ — တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဒ-၁၁ / ၄၁+၄၄)၊ ၆၃Aလမ်း၊၃၉ A လမ်းနှင့် လမ်း၄၀ကြား၊မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း 09-2070007, 09-792070007,09-43250000**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ ၈၄လမ်း၊ ၂၉လမ်းနှင့် လမ်း ၃၀ကြားတွင် တည်ရှိသော အကွက်အမှတ်(၅၈၆)၊ ဦးပိုင်အမှတ်(၈-ခ)၊ ဧရိယာဧက(၀ ဒသမ ၀၂၈၅) အကျယ်အဝန်းရှိ မှဒီတာတိုက်ခန်း ဆောက်လုပ်ထားသော ဘိုးဘပိုင်မြေကွက် မြေနေရာနှင့် မြေပေါ်ရှိ မှဒီတာတိုက်ခန်းအဆောက်အအုံမှ မြေညီထပ်တိုက်ခန်း (ရေမီးအစုံ)အပါအဝင် မြေပေါ်မြေအောက်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်သိန်းရင်(၅/ဝသန(နိုင်)၀၁၅၀၀၄)၊ ဒေါ်သိန်းသိန်းအေး(၉/မရမ(နိုင်)၀၂၆၈၂၉)၊ ဒေါ်တင်တင်အေး (၅/ဝသန(နိုင်)၀၁၅၀၀၅)၊ ဒေါ်မာမာအေး(၅/ဝသန(နိုင်)၀၁၅၀၀၆)၊ ဦးခင်မောင်အေး(၅/ဝသန(နိုင်)၀၁၅၀၀၇)၊ ဒေါ်သန်းသန်းအေး(၅/ဝသန(နိုင်)၀၀၀၀၉၇)၊ ဒေါ်မင်းမင်းအေး(၅/ဝသန(နိုင်)၀၀၀၀၉၈)၊ ဒေါ်မျိုးမျိုးအေး(၅/ဝသန(နိုင်)၀၃၅၄၄၁)၊ ဦးဇော်မင်းအေး(၅/ဝသန(နိုင်)၀၃၅၄၄၂)၊ ဒေါ်ဇင်မာနိုင်(၅/ဝသန(နိုင်)၀၅၄၁၉၆)၊ ဦးဇင်ကိုကို(၅/ဝသန(နိုင်)၀၆၂၆၄၉)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးလှမိုး(ဥပဒေဘွဲ့) — ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ — တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဒ-၁၁ / ၄၁+၄၄)၊ ၆၃Aလမ်း၊၃၉ A လမ်းနှင့် လမ်း၄၀ကြား၊မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း 09-2070007, 09-792070007, 09-43250000**

## အများသိစေရန် အသိပေးကြေညာခြင်း

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ လက်ကောင်းကျေးရွာ၊ ကွင်းအမှတ်(၅၂၅)၊ ဦးပိုင်အမှတ်(၁၅၄/၂)၊ ဧရိယာ(၁ ဒသမ ၈၇)ဧကရှိ ပုံစံ-၇ မှာ ဒေါ်ခင်ညို(ဘ)ဦးဒေါင်းရှိန်(၉/ပသက(နိုင်)၀၂၈၁၂၉) အမည်ပေါက်လျက်ရှိပြီး ပုံစံ(၇)မူရင်း ပျောက်ဆုံးသွားပါသဖြင့် ပုံစံ-၇ မိတ္တူမှန် ပြန်လည်လျှောက်ထားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ခင်ညို၊ လက်ကောင်းကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။**
**ဖုန်း ၀၉-၂၅၆၅၃၆၄၉၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၁၀)၊ ဦးပိုင်အမှတ်(၇၀)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်း ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်အေးအေးသင်း(ဘ)ဦးချစ်ရွှေ(၉/မနမ(နိုင်)၀၆၄၅၃၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဒေါ်မှူးမြင့် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ် (အေ-၁)၊ ၆၇လမ်း၊ ၃၁Aလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၁၂)၊ ဦးပိုင်နံပါတ်(၉၅-ခ)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဒေါ်သင်းသင်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမြင့်ကျော်(ဘ)ဦးရန်အင်ဖင့်(၁၃/လရန(နိုင်)၁၆၄၈၉၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ — ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

| ဒေါ်ယုသစင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး(LL.B) | ဒေါ်ဖူးသန့်မွန်(LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်အမှတ်(၆၆၀)၊ ဦးပိုင်နံပါတ်(၄၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၆၈၉)ဧက အကျယ်အဝန်းရှိ ဒေါ်နု နှင့်(သား)မောင်မြမောင်တို့ ပူးတွဲအမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပူးတွဲအမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသည့် ဒေါ်နုနှင့် ဦးမြမောင်တို့ အသီးသီးကွယ်လွန်သွားခဲ့သဖြင့် လက်ရှိအမွေဆက်ခံပူးတွဲပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများ ဖြစ်ကြသည့် ဒေါ်တင်စုလှိုင်(၉/မရတ(နိုင်)၀၀၁၀၅၃)၊ ဒေါ်မေသက်ဆွေ(၉/မရတ(နိုင်)၀၀၁၀၅၄)၊ ဦးအောင်ကျော်မင်း(၉/မရတ(နိုင်)၀၀၁၀၉၁)နှင့် ဦးထိန်လင်း(၉/မရတ(နိုင်)၁၀၈၁၁၄)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ — ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

| ဒေါ်ယုသစင်အောင် (LL.M) | ဦးဝေဖြိုးသူ (LL.B) | ဦးဖြိုးသာခန့် (LL.B) | ဒေါ်ကောင်းစုဝမ်း (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ မြေပဲတန်းရပ်နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိအိနိုင်(ဘ)ဦးသိန်းထွန်း(၉/အမရ(နိုင်)၁၀၉၀၈၁)နှင့် ဒေါ်အိအိပိုင်(ဘ)ဦးသိန်းထွန်း(၉/အမရ(နိုင်)၁၀၉၀၈၀)တို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ ကွင်းအမှတ်(၆၀၃)၊ ဦးပိုင်အမှတ်(၇၁-က)၊ ဧရိယာ(၀ ဒသမ ၄၇)ဧက အတွင်းမှ အရှေ့အနောက် ပေ(၃၀)၊ တောင်မြောက် ပေ(၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဦးဝင်းမိုးအောင်(ဘ)ဦးတင့်ဆွေ(၉/မနတ(နိုင်)၁၅၉၉၁၈)၏ လွှဲအပ်ညွှန်ကြားချက်အရ ရောင်းချပိုင်ခွင့်ရှိသူ ဦးရဲမင်းထွန်း(ဘ)ဦးအောင်ဝင်း(၁၂/အစန(နိုင်)၁၈၃၁၄၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိအိနိုင်(ဘ)ဦးသိန်းထွန်း နှင့် ဒေါ်အိအိပိုင်(ဘ)ဦးသိန်းထွန်းတို့က ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍(၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဒေါ်ဓတ္တာအောင်(LL.B) | ဦးရန်မျိုးအောင်(LL.B) | ဒေါ်အိရွှေစင်ဝင်း(LL.B) |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| စဉ်-၉၁၉၈ | စဉ်-၅၂၂၄၉ | စဉ်-၅၄၈၂၈ |

**ရန်ကင်းသာယာ(၃)လမ်း၊ ရန်ကင်းသာယာရပ်ကွက်၊ ပုသိမ်ကြီးမြို့။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ အဖွဲ့အစည်းတစ်ခု ခိုင်ခိုင်မာမာဖြင့် အဓွန့်ရှည်ကြာစွာ ရပ်တည်နေနိုင်ခြင်းသည် မှန်ကန်သည့် မူဝါဒ၊ တိကျခိုင်မာသည့် စည်းမျဉ်း၊ စည်းကမ်း၊ လိုက်နာစောင့်ထိန်းရမည့် ဥပဒေများနှင့် စနစ်တကျ ဖွဲ့စည်းလေ့ကျင့်ထားမှုများရှိခြင်းတို့ကြောင့်ပင်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ပြုလုပ်သော ဘွဲ့ရအမျိုးသမီးဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်း (၃/၂၀၂၅)ကြိမ် ညှိနှိုင်းအစည်းအဝေးတက်ရောက်



**နေပြည်တော် ဇူလိုင် ၁**

မြန်မာနိုင်ငံ ဘိလပ်မြေထုတ်လုပ်သူများ အသင်းအဖွဲ့ (၃/၂၀၂၅)ကြိမ် ညှိနှိုင်းအစည်းအဝေးကို စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ဆက်စပ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ ဘိလပ်မြေထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်များ၊ ဘိလပ်မြေစက်ရုံများမှ တာဝန်ရှိသူများနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်း ညှိနှိုင်းအစည်းအဝေးမစတင်မီ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်က မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ရှစ်ခုရှိ မြို့နယ် ၅၄ ခုတွင် ထိခိုက်ပျက်စီးခဲ့သည့် ပြည်သူများ၏နေအိမ်များ ပြန်လည်ပြုပြင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေဖြင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းဖြစ်သည့် ဘိလပ်မြေအိတ် ၅ ဒသမ ၃၄၄ သန်း ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ဆွေးနွေးရာ မြန်မာနိုင်ငံ ဘိလပ်မြေထုတ်လုပ်သူများအသင်းဥက္ကဋ္ဌက သုံးစွဲသူပြည်သူများ သယ်ယူစရိတ်သက်သာစေရေးအတွက် ဒေသအတွင်းရှိ ဘိလပ်မြေစက်ရုံများကို တာဝန်ပေးအပ်၍ ထုတ်လုပ်ဖြန့်ဖြူးပေးသွားနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘိလပ်မြေများကို ပြည်သူများ လွယ်လင့်တကူ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် ဈေးရောင်းပွဲတော်ကျင်းပ၍ ရောင်းချဖြန့်ဖြူးပေးခဲ့ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် ရှစ်ခုမှ ဘိလပ်မြေများ လိုအပ်ချိန်တွင် ထုတ်လုပ်ပေးနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

**ကူညီဆောင်ရွက်ပေး**

ထို့နောက် မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်း ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်ပျက်စီးခဲ့သည့်စက်ရုံ၊ အလုပ်ရုံများ အမြန်ဆုံးလည်ပတ်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရန် လမ်းညွှန်မှုပြုခဲ့၍ စက်ရုံ၊ အလုပ်ရုံများ၏ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေကို သိရှိနိုင်ရန်နှင့် လိုအပ်ချက်များကို ထိရောက်စွာဖြည့်ဆည်းပေးနိုင်ရေးအတွက် စက်ရုံများသို့ ကွင်းဆင်းသွားရောက်၍ စက်အရန်ပစ္စည်းများ အချိန်မီရရှိရေး၊ ကုန်ကြမ်းသွင်းအားစုများရရှိရေး စသည်တို့ကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်းနှင့် ဘိလပ်မြေစက်ရုံများမှ တာဝန်ရှိသူများအနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်စဉ် တွေ့ကြုံရသည့်အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြပေးစေလိုကြောင်း ပြောကြားသည်။

**ဝိုင်းဝန်းဆွေးနွေး**

ဆက်လက်၍ မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်းဥက္ကဋ္ဌက ဘိလပ်မြေစက်ရုံများ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများကို ဝိုင်းဝန်းကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှု အခြေအနေတို့ကိုလည်းကောင်း၊ ဘိလပ်မြေစက်ရုံများမှ တာဝန်ရှိသူများက စက်ရုံအလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်မှု၊ ဖြန့်ဖြူးရောင်းချမှု၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်စဉ် တွေ့ကြုံရသည့် အခက်အခဲများကိုလည်းကောင်း၊ ဘိလပ်မြေထုတ်လုပ်သူများအသင်းတွင်ပါဝင်သည့် ဝန်ကြီးဌာနကိုယ်စားလှယ်များက စက်ရုံအလိုက် လိုအပ်ချက်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနေမှုအခြေအနေကိုလည်းကောင်း၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ဘိလပ်မြေထုတ်လုပ်သည့်နည်းပညာများ လွှဲပြောင်းရရှိရေးအတွက် ဆောင်ရွက်သင့်သည့် နည်းလမ်းများကိုလည်းကောင်း၊ တက်ရောက်လာသူများက ဘိလပ်မြေများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်သွားရမည့်အခြေအနေတို့ကိုလည်းကောင်း ဝိုင်းဝန်းဆွေးနွေးကြပြီး စက်ရုံများမှ တင်ပြသည့် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေး၍ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# ၂၀၂၆ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စု(C)ဒုတိယပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားမည်



**ရန်ကုန် ဇူလိုင် ၁**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၂၆ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စု(C)ဒုတိယပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာအသင်းသည် ၂၀၂၆ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စု (C)ပထမပွဲစဉ်တွင် တာမင်နစ္စတန်အသင်းအား ရှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိထားပြီး အုပ်စုပထမနေရာမှ ရပ်တည်နိုင်ခဲ့သည်။

မြန်မာအသင်းသည် ၂၀၂၆ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စု (C)ဒုတိယပွဲစဉ်အဖြစ် ယနေ့ ညနေ ၄ နာရီတွင် ဘင်္ဂလားဒေ့ရှ်အသင်းနှင့် ရန်ကုန်မြို့ သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး MRTV HD Channel၊ MRTV Parliament Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။ (NGB)